# သခင့်စကား

# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်


ငါ့အခွင့်နှင့်ဟောပြောသော ငါ့စကားတို့ကို အကြင်သူသည်နား မထောင်ဘဲနေအံ့။ ထိုသူကိုငါ စစ်ကြောမည်။ တရားဟော ၁၈း၁၉




အမှတ်စဉ် (၁၃၁) ဇွန်လိုင်လ ၂၀၁၂ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချီသည်)


# အဖေဆိုတဲ့မြစ်

## အဖေဆိုတဲ့မြစ် (မင်းအောင်သက်လွင်)

မိတ်ဆွေတို့မှာ - အဖေ ရှိသေးသည် ဖြစ်စေ။ မရှိတော့သည် ဖြစ်စေ။
မိတ်ဆွေ ကိုယ်တိုင် အဖေ ဖြစ်နေသည် ဖြစ်စေ။ မဖြစ်သေးသည် ဖြစ်စေ။
ကျေးဇူးပြု၍ ကျနော် ရေးတဲ့ "အဖေဆိုတဲ့မြစ်" ကဗျာလေးကို ဖတ်ကြည့်ပေးပါ။
ဘာဖြစ်လို့လဲ ဆိုတော့ - အဖေ ဆိုတာ မြစ်တစ်စင်း ဖြစ်နေလို့ပေါ့။
အဖေဆိုတဲ့ မြစ်ဟာ မတိမ်ကောတဲ့ အချစ်ကို မြစ်ဖျား ခံခဲ့တယ်။
ယောက်ျားတိုင်း "လင်" ဖြစ်ခွင့် မရှိသလို၊ လင် တိုင်း "အဖေ" ဖြစ်ခွင့်မရှိပါ။
အဖေ ဆိုတဲ့ ရာထူးဟာ ဘုရားပေးတဲ့ ထူးခြားတဲ့ အရာတစ်ခုပါ။



မိသားစု အတွက်ဆို -
အဖေ့ အားတွေ ကုန်သွားပါစေ။ အဖေ့ အသားတွေ တုန်သွားပါစေ။
အဖေ့ အာရုံတွေ မှုန်သွားပါစေ။ အဖေ့ မြစ်ရေဟာ စုန်မြဲသာ စုန်နေဆဲပါလေ။
အဖေ ဆိုတာ - ငိုကြွေးနေသူတွေအတွက် တေးသွား တစ်ကွက်၊
အဖေ ဆိုတာ - နာကျင်နေသူတွေအတွက် ဆေးခါး တစ်ခွက်၊
အဖေ ဆိုတာ - အကာအကွယ်လိုသူတွေအတွက် ဒိုင်းလွှားတစ်လက်၊
အဖေ ဆိုတာ - ရင်ဆိုင်လိုသူတွေအတွက် ဓါးသွားတစ်လက်၊
အဖေ ဆိုတာ - မလိမ္မာသူတွေအတွက် ကျမ်းကောင်းတစ်ရွက် ဖြစ်တယ်။



အဖေဟာ - အမေ ရွှေဆွဲကြိုး ဆွဲနိုင်ဖို့အတွက်
ပုဆိုးပြဲကို အခါခါ လှည့်ဝတ်ရင်း ငွေကြော ထွင်းခဲ့တယ်။
ပုခက်လွှဲနေတဲ့ အမေ့လက်တွေ ခိုင်မြဲစေဖို့
ပေါက်တူး ကိုင်တဲ့ အဖေ့လက်တွေ သွေးစိမ်းရှင်ရှင် ထွက်ခဲ့ရတယ်။
သားသမီး ထမင်းနပ်မှန်ဖို့အတွက် အတင်းအကျပ် ဖိနှိပ်ခံခဲ့တဲ့ အဖေ။
ပညာတံခွန် လေးတန်း မအောင်သေးတဲ့ အဖေက သားသမီး တွေကို
မာရသွန် ပြေးလမ်းပေါ် တင်ပေးဖို့ ထာဝစဉ် ဈေးထမ်း ရောင်းပြီး ကျွေးခဲ့တယ်။



နေပူပူမှာ အရေထူ နေတဲ့ အဖေ။ လှိုင်းရေထဲက အဖေ၊ အရိုင်းလေထဲက အဖေ။
ပင်လယ်ပြင် ရေလှိုင်းကြားက သင်္ဘောသား အဖေ။
နေလောင်ပြင် မြေရိုင်းကြားက ကာယလုပ်သား အဖေ။
ချောင်ကြို ချောင်ကြားက အမှိုက်လှဲနေတဲ့ အဖေ။
မိုက်မှားတဲ့ သားပျင်းတွေအတွက် ဆိုက္ကား နင်းနေတဲ့ အဖေ။
မီးပူပူ ပန်းပဲဖိုထဲက အဖေ။ နေပူပူ ကူလီ ထမ်းနေတဲ့ အဖေ။
တိုင်းပြည်ရန်ကို ကျည်ဆံကြားက ကာကွယ်နေတဲ့ အဖေ။
ဆူးစောက်သွားတွေနဲ့ စက်ယန္တရားတွေကြားက အဖေ။



ရွှံ့နွံထဲမှာ လယ်ထွန်နေတဲ့ အဖေ။ သက္ကရာဇ်နွံထဲမှာ အရွယ်လွန်နေတဲ့ အဖေ။
ကျောက်မီးသွေး မိုင်းတွင်းထဲက အဖေ။ တောနက်နက် သစ်တောပိုင်းထဲက အဖေ
စားဖိုဆောင် ထဲက အဖေ။ စတို ချောင်ထဲက အဖေ။
ဦးကျောက်စား နေတဲ့ အဖေ။ ကုန်းကောက် ဖျားနေတဲ့ အဖေ။
သားသမီးတွေ လူတစ်လုံးသူတစ်လုံးဖြစ်ဖို့ လူလုံးမလှဖြစ်နေတဲ့ အဖေ။
သားသမီးတွေ အပူလုံး မကြွဖို့ ယူကြုံးမရ ဖြစ်နေတဲ့ အဖေ။
နေလောင်စပ်ခါးမှာ သက်စွန့်ဆံဖျား ရုန်းကန်နေတဲ့ အဖေ။
ကုန်းရုန်းရှာရင်း တုံးလုံးပက်လက် ဖြစ်သွားတဲ့ အဖေ။
သားသမီးတွေ ရှေ့ရေးအတွက် အဝေးကနေ ဆွေးနေတဲ့ အဖေ
သားသမီးတွေ မျှမျှတတ ခိုင်မြဲဖို့ ခနခန ယိုင်လဲနေတဲ့ အဖေ
သားသမီးတွေ အားရပါးရ မပူပင်ဖို့ မဝတဝ ယူငင်နေတဲ့ အဖေ
သားသမီးတွေ ပကာသန အေးမြဖို့ ထာဝရ ဖေးမ နေတဲ့ အဖေ
သားသမီးတွေ မကြောင့်ကြဖို့ ထောက်မနေတဲ့ အဖေ
မိသားစုတွေ အူမတောင့်ဖို့ ကူမစောင့်နေတဲ့ အဖေ
မိသားစုတွေ စိန်းလန်းဖို့ ညှင်းပန်းခံခဲ့တဲ့ အဖေ
မိသားစုတွေ အေးတလူလူနေရဖို့ ချွေးတလူလူထွက်နေတဲ့ အဖေ





အမေ စိန်နားကပ် ပန်ဖို့ ထောင်နန်းစံသွားတဲ့ အဖေ
သားသမီးတွေ ဆင်စီး နိုင်ဖို့ တင်စီး ခံနေရတဲ့ အဖေ
သားသမီးတွေ မြင်းရံ ဖို့ တင်းခံ နေရတဲ့ အဖေ
အဖေ့ မေတ္တာရေ စုန်သာစုန် ဘယ်တော့မှ မကုန်ခဲ့ပေ။
သားသမီးတွေ အနာဂါတ် လှပဖို့ ကမ္ဘာပတ်ပြီး ငွေရှာနေတဲ့ အဖေ
မိသားစု အနာဂါတ် ရေရာဖို့ အစာလှပ်ပြီး ငွေရှာနေတဲ့ အဖေ
မိသားစုတွေ အနာဂါတ်ကောင်းစားဖို့ ကမ္ဘာပတ်ပြီး တောင်းစားနေတဲ့ အဖေ
ကျောက်မီးသွေးတွင်းထဲက အဖေ၊ ကျောက်မိုင်းတွင်းထဲက အဖေ
ခေတ်သမိုင်းတလျှောက်မှာ စစ်ကြောင်းကြီးတွေကို ချီတက်ခဲ့တဲ့ အဖေ
ကျွန် စံနစ်ကို ထွန်ပစ်ခဲ့တဲ့ အဖေ။ သမိုင်းကြောင်းကို လိုင်းပြောင်းပေးတဲ့ အဖေ
အဖေဆိုတဲ့ ယန္တရား နားသွားခဲ့ရင်၊ အဖေ ဆိုတဲ့ လုပ်အား ပါးသွားခဲ့ရင်
အဖေဆိုတဲ့ ခွန်အား ပြားသွားခဲ့ရင်၊ အဖေ ဆိုတဲ့ သမားတော် အမှားချော်သွားခဲ့ရင်
ကျနော်တို့ မိသားစုတွေ ရှုပတ်နေမှာ အသေချာပင်။
ကိုယ်ကိုယ်တိုင်က ပညာနဲလို့ ကျဖမ်း လုပ်သားဖြစ်နေပေမဲ့
ကိုယ့်သားသမီးတွေ ပညာ မနဲဖို့ အသက်လဲရင်း လုပ်ကျွေးနေတဲ့ အဖေ။



အဖေ့သားကြီးက အမေရိကား။ အဖေ့သား အလတ်က သင်္ဘောသား
အဖေ့သား အငယ်ကောင်က သူဌေးသမီးနဲ့ ညားပြီး
အသီးသီး ကောင်းစားနေကြပေမဲ့ -
တို့အဖေကတော့ ထရံပျက်ကြားမှာ ငှက်ဖျား ဖျားရင်း
ဘယ်သူမှာ မထောက်ပံ့တဲ့ ပင်စင်စား အဖိုးကြီး ဘဝနဲ့ အထီးကျန် အဖော်မဲ့ နေဆဲပါ။
အဖေ့ သားကြီးက ဝီစကီ။ အဖေ့သား အလတ်က ဘရန်ဒီ
အဖေ့သား အငယ်ကောင်က ဝိုင်အနီ နဲ့ ပါတီတွေ အပွဲပွဲ နွှဲနေပေမဲ့
တို့အဖေကတော့ မှိုတက် လက်ဖက်ခြောက်ကို
အရည်ပျော် ထန်းလျက်ခဲနဲ့ လွေးနေရတုံးပါဘဲ။




အဖေ့ သမီးကြီးက ဘဏ်ထဲမှာ ဒေါ်လာ သောင်းဂဏန်း
အဖေ့ သမီးအလတ်က လမ်းပေါ်မှာ ကား အသစ်အဆန်း
အဖေ့ သမီးအငယ်က အိမ်ခြံမြေ ကို ခပ်လန်းလန်းလေး ထည်လဲ သုံးနေချိန်မှာ
အဖေကတော့ မြေတစ်ကွက်အပိုက ထရံပျက် တဲအိုအို နဲ့ နေနေရတယ်။
မိုး သည်းသည်း၊ နေပူကြဲကြဲ။ လေပြင်းထန်ထန်၊ မုန်တိုင်း ဆန်ဆန် ထဲက အဖေ၊
နှင်းမုန်တိုင်းတွေ ထဲက အဖေဟာ အမူအယာ မပျက် လျှောက်လှမ်းခဲ့တယ်။
တံခွန် မရှိတဲ့ ရထား။ လင်မရှိတဲ့ မယား ဟာ မတင့်တယ်သမို့
"အဖေ" ဆိုတဲ့ အာဏာနဲ့ "လင်ယောက်ျား" ဆိုတဲ့ ရာထူးကို ပူးတွဲယူခဲ့တဲ့ အဖေ။
အိမ်ဦးနတ်၊ အုပ်ထိန်းသူ၊ အိမ်ထောင်ဦးစီး၊ လက်ဦးဆရာ၊ ဖခင် ဆိုတဲ့
ဂုဏ်ပုဒ်ပေါင်း မြောက်များစွာဟာ အဖေတွေအတွက် ကမ္ဘာဦး ကတည်းက စလို့
ကမ္ဘာဆုံးသွားသည့်တိုင် ကမ္ပည်းမှတ်တိုင် မယိုင်လဲနိုင်တော့ပါ။
အဖေဆိုတဲ့ မြစ်တစ်စင်းဟာ -
သားသမီးတွေ အဆင်ပြေဖို့ ပြန့်ပြူးညီညာတဲ့ သဲသောင်ပြင်တွေ ခင်းပေးသလို
အန္တရာယ်တွေကို ကာကွယ်ပေးဖို့ ကမ်းပါးစောက်တွေကိုလဲ ဖန်ဆင်းထားခဲ့တယ်။
အဖေဆိုတဲ့ မြစ်အတွင်းမှာ -



လှိုင်းရေတွေ ဆော့ကစား။ လောင်းလှေတွေ စုန်ဆန်သွား။
မုန်တိုင်းဝင်ရင် အဖေဆိုတဲ့ မြစ်ဟာ လှိုင်းဂယက် ဆင်
လေပြည်ငင်ရင် အဖေဆိုတဲ့ မြစ်ဟာ သင်ဖြူးပြင်
အဖေဆိုတဲ့ မြစ်ဟာ - ဘယ်တော့မှ ဆန်ပြီး မစီးတဲ့ မြစ်။
စုန်မြဲသာ စုန်။ ဘယ်တော့မှ မကုန်တဲ့ မြစ်ရေဟာ အဖေ ပါဘဲလေ။
မိသားစု ဆန်ဖိုး ရဖို့ လောဘ ဝင်ရင်း ထောင်ထဲ ဝင်သွားတဲ့ အဖေ။
မိသားစု ပြုံးပန်းဆင်နိုင်ဖို့ အနစ်နာခံ လူမိုက် စာရင်း ဝင်ခဲ့တဲ့ အဖေ။
ငှတ်မိ သဲတိုင်၊ တက်နိုင် ဖျားရောက် ဘာမှ မကြောက်တဲ့ အဖေ။




မိသားစုနားမှာ အမြဲမနေရလို့ သားသမီးတွေ အထင်လွဲခံရတဲ့ အဖေ
ယောက်ယက် မခတ်တဲ့ အဖ။ အောက်သက်ကြေတဲ့ အဖေ။
လောကဓံလှိုင်းကို ပုဆိုး ကွင်းသိုင်းပြီး က ခဲ့တဲ့ အဖေ။
လောကကြိုးဝိုင်းထဲမှာ ခါးတောင်း မြောင်အောင် ကျိုက်ပြီး ထိုးသတ်ခဲ့တဲ့ အဖေ။
လိုရာခရီး ရောက်ဖို့ လူတကာကို အောက်ကျို့ ခံခဲ့တဲ့ အဖေ။



သားသမီးတွေရဲ့ လုပ်စာကို မစားရသေးခင်မှာ ရုပ်ခန္ဓာ မြေခ သွားတဲ့ အဖေ၊
သားသမီးတွေ အနေ လှဖို့ ကြွေကျ ခဲ့တဲ့ အဖေ။
သားသမီးတွေ အနေ မမောဖို့ အသေစော ခဲ့တဲ့ အဖေ။
အဖေဆိုတာ ပင်လယ်၊ ဆူးခရောင်း ရွံနွံတောက ကန္တာရ ခရီးသွားတွေပါ။
မြေပုံပျောက် မျက်ကန်း၊ သေကံရောက် ခြေကုန် လက်ပမ်းကျနေတဲ့ အဖေ
အမှန်အကန် သမ္မာအာဇီဝကို လက်ကိုင်ပြုရင်း ငွေရှာနေတဲ့ အဖေ။
လှောင်ရီသံ ကြားက အဖေ။ အမှောင် ကျည်ဆန်ကြားက အဖေ
အဖေ ဆိုတဲ့ မြစ် ထာဝစဉ် စီးဆင်းနိုင်ပါစေ။
အဖေ ဆိုတဲ့ မြစ်ရေ ဘယ်တော့မှ မတိမ်ကော ပါစေနဲ့လေ လို့-
သားကျနော် ဆုတွေတောင်းရင်း အဖေ့ အကြောင်းကို ပြန် စဉ်းစားမိတဲ့အချိန်မှာ
အဖေ ဆိုတဲ့ မြစ်တစ်စင်း ကျနော့် ရင်ထဲကို ကန့်လန့်ဖြတ် စီးဆင်းသွားတယ်။
**မင်းအောင်သက်လွင်** (၂၀၁၂ခုနှစ် ဇွန်လတတိယအပါတ် နိုင်ငံတကာဖခင်များနေ့ အမှတ်တရ ဂုဏ်ပြုကဗျာ)

---



## ဘုရားပေးသောအဖေ မလေး(တပ်ကြီးကုန်းအသင်းတော်၊မော်ဘီ)

ငယ်စဉ်တောင်ကျေး ကလေးအရွယ်မှ။ သမီးဘဝ လိုအပ်မှု မရှိရ။
ပင်ပန်းမှုဒဏ် ကြံ့ကြံ့ခံလို့ နေပူမရှောင် မိုးရွာမရှောင်
လောကဓံ အံတု ဖြည့်စွမ်းသမှု အဖေပြု။
ကြီးပြင်းလာသော် သမ္မာတရားလက်ကိုင်ထား၍ လမ်းမှား မရောက်အောင်
သမီးအနာဂါတ်ဘဝ လှပအောင် ပဲ့ပြင်လမ်းပြ ဆုံးမ သမှု အဖေပြု။
အသင်းတော်တွင်လဲ ယုံကြည်ခြင်းတရား မြဲမြံထား
ကိုယ်တော်ရှင်အား အားကိုးရန်တွက် တရားရေအေး တိုက်ကျွေးသမှု အဖေပြု။
ဤသို့ ကိုယ်တော်ပေးသော အဖေကို တန်ဖိုး ဖြတ်မရ၊ သမီး ချစ်မဝ။
အဖေ့ အနာဂါတ် အသက်တာ ပျော်ရွှင်ကျန်းမာ




ကိုယ်တော့် အမှုတော်ကိုပါ အသက်ထက်ဆုံးဆောင်ရွက်နိုင်ဖို့
ဝေးရပ်မြေမှ ဆုတောင်းပေးနေ အဖေ့ကို ချစ်တဲ့ သမီးလေး။
(ဝန်ခံချက်။ ချစ်ဖခင်အားရည်စူးလျှက်--)

---

## အနှိုင်းမဲ့ Mary (ဖျာပုံ)

အဖေဆိုတာ - အမေ့ရဲ့ အချစ်ဆုံး၊ မိသားစုရဲ့ မျက်နှာဖုံး၊ သာသနာရဲ့ လက်ရုံး။
အဖေရယ် သွန်သင်ညွှန်ကြား သားသမီးတို့အတွက် အစဉ်မမေ့နိုင်သော
ကျေးဇူးတရား နှိုင်းမရ ယှဉ်မရလို့ ဂုဏ်ပြု ဂါဝရ အစဉ် ထာဝရ။
အမေဆိုတာ - ကောင်းကင်ပြာမှာ အလင်း ဖြာဝေလင်းသော ရှင်နေမင်း
မဟူရာ ညမှာ ကြယ်များဝိုင်းရံထားသော ငွေလမင်း
အမေရယ် ပြောတဲ့ စကား သားသမီးတို့ နားမှာ ဆောင်းလေပြည်လို အေးပါတယ်။
ပေးတဲ့မေတ္တာ သားသမီးတို့ ရင်မှာ စမ်းရေအေးလို ချိုမြလေတယ်။



ကျေးဇူးတရား နိုင်းမရ ယှဉ်မမျှလို့ ဂုဏ်ပြု ဂါဝရ အစဉ် ထာဝရ။

---

## မိုး (ဆောင်းဦး)


လာပါပြီဟဲ့- မိုးသားတွေ ဝဲလို့ ၊ ကောင်းကင်ကလဲ မည်း
ဂျိမ်းကနဲ လက်ကနဲ၊ သံစဉ်က ကွဲ။ အချိန်ရယ်တန်ပြီ မိုးကလဲ လာပြီ
အများတကာပျော် တို့ မပါဘူးနော်။ မိုး ဆိုတဲ့ မင်းနဲ့ ဆုံချင်လျှက်မှ
မစဲနိုင်တဲ့ မိုးကို ပြစ်တင်မုန်းစွာ မနက်ဖြန်တော့ မရွာပါနဲ့ မိုးရယ်လို့
လှိုက်လှဲစွာဆိုရင်း ဒီတစ်နေ့တော့ မင်းကလေးက သိပ်ရက်စက်တယ် မိုးရယ်။

---



## အမှတ်မထင် ကောလင်းသူ

အမှောင်ထဲမှ အလင်းတစ်စ၊
တိုးမြင်ချိန်မှာ နှင်းမှုန် လေလား ဝိုးတဝါးဝါး
အနီးရောက်လာ မှားလေသည့် ငါ၊
သေချာပြန်ကြည့် အံ့သြဘိသို့ ၊ မလွဲဧကန် ဘုရားသခင်ဟန်။ ။



## ကျောက်ခဲနှင့်စိန် သဲမြတ်မွန် (သံဖိုရွာ) Thian Hnen Par

နေရာအနှံ့ ရှာယူလွယ်၍ လူများတကာ ကျော်ဖြတ်သွားလာ
မည်သူကမျှ အလေးမထား စိတ်က ထင်၏ တန်ဖိုးမရှိ။
ရှားပါး ပစ္စည်း ခက်ခဲစွာနှင့် ကြိုးစားပန်းစား ရှာဖွေ၍ ရ၊
လူများတကာ တန်ဖိုးထားသော စိန်ကျောက်ကလေး တန်ဖိုးရှိ၏။
ချစ်သော မိတ်ဆွေ စဉ်းစားကြည့်ပါ။
ကျောက်ခဲနှင့် စိန် ကျောက်နှင့် ကျောက်ချင်း တူပါသော်လဲ
တင်စားခေါ်ဝေါ် မတူညီပါ။ တန်ဖိုးချင်း မတူ။
ယုံကြည်သူများ ဆင်ခြင်စရာ ဂုဏ်သိက္ခာနှင့် နာမည်
တန်ဖိုးရှိအောင် နေထိုင်ဆင်ခြင် သုံးသပ်ကြည့်ပါ။
မည်သည့် ကျောက်မျိုး ဖြစ်ချင်သနည်း။
ကျောက်ခဲ လေလား စိန်လေလား။

---



## ကိုရှင်တော်နှင့်မယ်ပြုံးရှင် Lနန့်ကိုင်

စင်ကာပူမှာ ကျတဲ့ မျက်ရည်၊ တို့အတွက်က ရှေ့နေ
စင်ကာပူမှာကြားတဲ့ စကား၊ ဘဝအတွက် အရေးသိပ်မထား
စင်ကာပူမှာ ရတဲ့ ရည်းစား၊ စျေးပေါပေါနဲ့ အလွဲသုံးစား
စင်ကာပူမှာ နေတဲ့လူ၊ အားလုံးလိုလို လူပျိုသူ
စင်ကာပူမှာ ပြောနေကျ စကား၊ ကြားမြင် သူတိုင်းကို ချစ်သက်ထားတဲ့။



ဝါဝါမြင်တိုင်း ရွှေမထင်နဲ့၊ လူကို မြင်တိုင်း သခင် မထင်နဲ့
ချစ်တယ်ပြောတိုင်း မယုံလေနဲ့။
ဟန်ဆောင်မာယာ အချစ်နဲ့ သင့်ဘဝကို မတည်ဆောက်နဲ့
စင်ကာပူထဲက ကိုရှင်တော် မယ်ပြုံးရှင်တို့ရယ်
တစ်သက်မှာ တစ်ခါတည်း ပွင့်ပါ။ တစ်ခိုင်မှာ တစ်ပွင့်တည်း ပွင့်ပါ။
တစ်ဘဝမှာ တစ်ယောက်တည်းကိုဘဲ ချစ်ပါ။
ရည်းစား များများထားလို့ ပျော်လိမ့်မယ် မထင်နဲ့
လက်တွေ့ ဘဝမှာ သင်တို့ရဲ့ နှလုံးသားလေးတွေ အဆိပ်တက်နေပါလိမ့်မယ်။

---

## စောင့်မျှော်နေပါတယ်သခင် Angel (Kalay)

သခင် ကြေကွဲစွာ အသက်ရှင်ရသော နေ့ရက်များကို ကုန်လွန်စေတော်မူပါ။
ဝမ်းနည်းစွာ အိပ်စက်ရသော ညများကို ဆိတ်သုဉ်းစေတော်မူပါ။
ကျွန်ုပ်၏ ပျော်ရွှင်ဘွယ်ရာ နေ့သစ်များကို အဘယ်မှာ ဝှက်ထားပါသနည်း။
သခင် ပေးသနားမဲ့ ပျော်ရွှင်ခြင်းနေ့သစ်များကို အကျွန်ုပ် စောင့်စားလျှက် ရှိပါ၏။
လှပသော အနာဂါတ်သည် အကျွန်ုပ်နှင့်
အဝေးကြီးမှာလား။ လက်တစ်ကမ်း မှာလား။



---

## သခင့်သားသမီးဖြစ်ပါစေ ယုံကြည်သူ၊ ကြယ်ကလေး(သံတောင်)

တွေ့ဆုံကြုံကွဲ ဘဝတွေ ဖြစ်ရာ ထွေထွေ သံသရာတစ်ကွေ့(ဖြစ်မြဲစဉ်လာ မမေ့ပါ)
သို့ပေ သို့ပေ သံသရာ အဆက်ဆက်
တို့တွေကတော့ သခင်ချစ်သော သခင့်သားသမီး ဖြစ်ပါရစေ။

---

## မမေ့ပါနဲ့ သမောချိုး(သမီးချော) Naw Gladit Htoo

ရေမြေရပ်ခြား တိုင်းတပါး၊ တိုးတက်စေဖို့ စွန့်စားသွား
တိုင်းတပါးရောက် ရိုးဂုဏ်ပျောက်၊ ခေတ်ရေစီးတိုင်း လိုက်လို့လျှောက်




လျှောက်ရင်း လျှောက်ရင်း ဒုက္ခရောက်၊ ထိုခါကျမှ စိတ်က ရောက်
ပျော်ခဲ့စဉ်က သခင့်အား၊ ယောင်ယမ်းလို့ပင် မတမ်းတ သွား။
ဒုက္ခရောက်မှ သခင့်ကို၊ ကယ်တင်ဖို့ရန် တောင်းလို့ဆို
နောင်တနှင့် ပြန်လာသော သား၊ သခင် ဘယ်မှ ပစ်မထား
ကိုယ်တော်ရှင်ရဲ့ နှုတ်ကပါတ်တော်၊ တို့များ ကြားနာ လိုက်လျှောက်သော်
အခက်ခဲ ကြုံလဲ စိတ်မပျက်ဘဲ၊ ကိုယ်တော်ရှင်ကို ဆက်ကပ်အမြဲ
လောကညွှေ့သည် အပြစ်သား၊ ဘယ်အချိန်မဆို ကိုယ်တော်အား
အမြဲ ဆက်သွယ် ဆက်ကပ်လျှက်၊ လုံးဝ မမေ့ကြပါနဲ့။

---



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၃၁ ဇွန်လိုင်လ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

## မိဘကျေးဇူး



**မိဘကျေးဇူး** (အန်တီတစ်ဦး)

မိဘကို ထောက်ပံ့ကူညီတာ ဘယ်လောက်ကျေးဇူးတော် ခံစားရသလဲဆိုတာ ကိုယ် တွေ့ သက်သေခံချင်ပါတယ်။ ကျမ ရေဆင်း တက္ကသိုလ်မှာ ကျူတာ အနေနဲ့ အလုပ် လုပ်ခဲ့စဉ်က အဖြစ်အပျက်လေးပါ။ အဲဒီတုံးက ဝန်ထမ်းတိုင်း တွေ့ကြုံ ခံစားခဲ့ရသ လိုပါဘဲ လစာ ၃၀၀၊ ၄၀၀ ကျပ်ငွေကို လကုန်တဲ့ အထိ မနည်းးလောက်အောင် သုံးရ တဲ့ သူချည်းပါဘဲ။ သောကြာနေ့တစ်နေ့မှာ ကျမ လစာထုတ်ပါတယ်။ မနက် ၉နာရီ ရုံးဖွင့်ချိန်ပေါ့။ နေ့လည် ၁၂ နာရီမှာတော့ တောင်အောက်က ဝန်ထမ်းအိမ်မှာ ထမင်း ပြန်စားပါတယ်။ နေ့လည် တစ်နာရီ ထိုးတဲ့အချိန်မှာ ထမင်းစားပြီးလို့ အတန်းလဲ မရှိတော့ဘူး။ နေကလဲ စိုင်းထီးဆိုင် သီချင်းထဲကလို အညာနွေပူလွန်းတယ် ဆိုတဲ့ အတိုင်း ခြစ်ခြစ်တောက် ပူနေတာပါဘဲ။ တောင်ပေါ်ကို ပြန် မတက်ချင်တော့ဘူး။ ဒါပေမဲ့လဲ တစ်ဘက်က လစာ ထုတ်ပြီးပြီးချင်း အမေ့ကို ငွေပို့ပေးဖို့ အသိက ဝင်လာတယ်။ အမေက ပင်စင် လစာလေးနဲ့ တောင်ငူ အိမ်မှာ တစ်ယောက်တည်း ကျန်နေခဲ့တာလေ။ လတိုင်း ပို့လဲ ပို့နေကျပါဘဲ။ တစ်ရက် နောက်ကျပြီး မပို့ဖြစ်ဘဲ နောက်နေ့မှ သွားပို့ရင်လဲ ရပါတယ်။ ဘာဘဲ ဖြစ်ဖြစ် ပို့ဖြစ်အောင်ပို့မယ် ဆိုပြီး လစာ ငွေထဲက ၇၅ကျပ်တန် တစ်ရွက်ကို ယူ။ ထီးကို ဆွဲပြီး တောင်ပေါ် ပြန်တက်ခဲ့ပါတယ်။ စာသင်ခန်းတွေရှိတဲ့ တောင်ထိပ်ရောက်အောင် တက်စရာ မလိုပါဘူး။ စာတိုက်က တောင် တစ်ဝက်လောက်မှာ ရှိတယ်လေ။ အဲဒီ ညနေမှာ ၇၅ကျပ်တန် တစ်ရွက်ကို တောင်ငူက အမေ့ဆီ ပို့ဖြစ်သွားတယ်။ မောင်နမ ၆ယောက်ထဲမှာ ကိုယ်က ဒုတိယ ဆိုတော့ ဘယ်သူ မပြု မိမိမှု ဘဲပေါ့။ နောက်နေ့ မနက် စနေနေ့မှာ ၇၅ ကျပ်တန်တွေ ၁၀၀ ကျပ်တန်တွေ တရားဝင် အသုံးပြုလို့ မရတော့ဘူးလို့ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ကြေငြာတာ ကြားလိုက်ရတယ်။ ကျမ လက်ထဲမှာ လူမိုက်နှင့် ငွေ အတူ မနေ ဆိုတဲ့ စကားပုံအတိုင်း A fool and his money are soon parted ကျမ လက်ထဲမှာ တစ်လစာ သုံးဖို့ အရာတွေ ဝယ်လိုက်တာ မကျန်သလောက်ဘဲ။ သူများတွေ ငွေ လက်ထဲမှာ ကျန်နေခဲ့လို့ ဒုက္ခရောက်တဲ့ သူတွေ ဖြစ်သွားကြပြီ။ ကျမ မှာတော့ ငွေမရှိတော့လို့ စိတ်ပူစရာ မရှိတော့ဘူး။ ဝန်ထမ်းတွေ သုံးစရာ မရှိလို့ နောက်တစ်လ ငွေထုတ်ပေးတဲ့ အခါ ကျမ လစာ တစ်လစာ ထပ်ရပါတယ်။ ဒီအချိန်မှာ ဈေးသုံး လွယ်တာ မှန်သွားပြန်ရော။ ရှေးထုံးလဲ မပယ်နဲ့ ဈေးသုံးလဲ မလွယ်နဲ့ ဆိုတဲ့ စကားက ဒီနေရာမှာ ပြောင်းပြန်ဖြစ်နေတယ်။ ဘာလို့လဲ ဆိုတော့ ဈေးသုံး လွယ်တဲ ့ကျမ ရဲ့ငွေတွေ လက်ထဲမှာ မကျန်တော့တဲ့ အတွက် ၇၅ ကျပ်တန်နဲ့ တစ်ရာ ကျပ်တန် အသိမ်းခံ ထိတဲ့ အထဲမှာ မပါခဲ့လို့လေ။

တောင်ငူမှာ နေတဲ့ ပင်စင်စား အမေကလဲ ငွေရောက်လို့ စာတိုက်မှာ သွားထုတ် တဲ့အခါ ငွေစက္ကူအသစ်နဲ့ ရလို့ ၇၅ ကျပ်တန် မဆုံးဘဲ သူ ငွေ အသစ် ရကြောင်း ဝမ်းသာ အားရ အကြောင်းကြားပါတယ်။ ဒါ့ကြောင့် လူကြီး မိဘကို ကျေးဇူးဆပ်ပြီး မိဘကို သတိတရနဲ့ ခက်ခက်ခဲခဲ မရှိမဲ့ရှိမဲ့ ထဲက ကူညီကျေးဇူးဆပ်တဲ့ သူဟာ ကျေးဇူး တော် လက်တွေ့ခံစားရကြောင်း သက်သေပါဘဲ။ အဲဒီနေ့ကသာ ကျမ ငွေ ၇၅ ကျပ်တန်ကို အမေ့ဆီ မပို့ခဲ့ရင် ကျမ ငွေလဲ ဆုံး၊ အမေလဲ ငွေမရ ဖြစ်မှာ သေချာပါတယ်။ စစ်တပ်ထဲမှာနေပြီး မိဘကို တစ်ခါမှ မဆက်သွယ်တဲ့ အသက် ၈၀နှစ်အရွယ် ဦးလေး တစ်ယောက်က သားသမီးများဘွဲ့ရတဲ့ အထိ ကျွေးမွေး ထားခဲ့ပေမဲ့ အသက်ကြီးလို့ ပင်စင်စားဘဝမှာ သူ့ကို သားသမီးတစ်ချို့က ပြန်လှည့် မကြည့်တဲ့အခါမှာ ခံစားချက်အနေနဲ့ ရင်ဖွင့်ပြောပြဖူးပါတယ်။ ကိုယ့်တုံးကလဲ ဒီလိုဘဲ လေ။ ဝဋ်လည်တာလား မသိဘူးတဲ့ တစ်ချို့သားသမီးတွေ မဆက်သွယ်တော့ ပြောခွင့်လဲ မသာတဲ့ အတွက် တူမ ဖြစ်တဲ့ကျမကို ရင်ဖွင့်ဖူးပါတယ်။ ကိုယ်က ဘယ်လို သားသမီးမျိုးလဲ ပြန်လည် ဆန်းစစ်ကြည့်ပါ။ အန်တီတစ်ဦး(ထာဝရ-စင်ကာပူ)

---

## အဖေဆိုတဲ့အဖေ

**အဖေဆိုတဲ့အဖေ** အထွေး(တောင်ကြီး)

ရှေးဦးစွာ ဒီနှစ်မှာ ကျရောက်လာတဲ့ ဖခင်များနေ့မှာ ကျေးဇူးရှင် ဖေဖေ့ အပေါ် ဘုရားသခင် ဆုကျေးဇူးများနဲ့ အတူ ပျော်ရွှင် ငြိမ်သက်ခြင်း မင်္ဂလာကျရောက်ပါစေလို့ သမီး ဆုတောင်းလိုက်ပါတယ်။ အဖေနဲ့ အတူ ရှိစဉ်တုံးက ခံစားဖူးတဲ့ ဖေဖေ့ မေတ္တာတွေကို အဝေး တစ်နေရာ ကနေ ပြန်ပြီး သတိရနေမိပါတယ်။ ဂုဏ်ယူစရာ ကောင်းတဲ့ ဖေဖေ့ အကြောင်းရေးပြရရင် ကျမတို့မှာ မောင်နမ ၈ယောက် ရှိပါတယ်။ မေမေက အသက် ငယ်ငယ်လေးနဲ့ ကိုယ်တစ်ပိုင်း သေသွားလို့ နှစ်နဲ့ ချီပြီး လမ်းမလျှောက်နိုင်ခဲ့ပါဘူး။ သားသမီး ၈ယောက်ကလဲ ငယ်သေးတော့ အိမ်ထောင်တာဝန်ကို ဖေဖေ တစ်ယောက်တည်း ယူခဲ့ရပါတယ်။ မိသားတစ်စုလုံးကို ချက်ပြုတ် ကျွေးမွေး လျှော်ဖွတ် စီးပွားရှာ မိန်းမ ဆေးကုပြုစု။ လူမမယ် သားသမီး ၈ယောက်ကို အမေလို တစ်မျိုး အဖေလို တစ်ဖုံ တာဝန်ယူ ထိန်းကျောင်းရတဲ့ ဖေဖေ့အလုပ်ဟာ နိုင်ငံ တကာက ဝန်ကြီးချုပ်တွေထက်တောင် အလုပ်ပိုများပါလိမ့်မယ်။ ကိုယ်တစ်ပိုင်း နှစ်နဲ့ ချီ သေနေတဲ့ မေမေ့ကို သစ္စာ မဖောက် နောက်အိမ်ထောင်မပြုခဲ့တဲ့ သစ္စာရှင် ဖေဖေ ပါ။ ကျမ ငယ်ငယ်က ခြေထောက် ကြွက်တက်ပြီး နာလို့အော်ရင် ဖေဖေ ပြေးလာပြီး ခြေမ ချိုးပြီး သက်သာအောင် လုပ်ပေးတဲ့ ဖေဖေ။ ငယ်ငယ်တုံးက ကလေးပီပီ ဖေဖေ ကျွေးတာ ချေးများပြီး ဟိုဟာ မကြိုက် ဒီဟာ မကြိုက်နဲ့ ငိုယိုခဲ့တာကိုလဲ ဖေဖေ အပြစ် မတင် အလိုလိုက်ခဲ့ပါတယ်။ ကျောင်းသုံးလ ပိတ်တိုင်း သားသမီးတွေကို စက်ချုပ်သင်၊ တရုတ်စာ သင်ဖို့ ရှေ့ရေးအတွက် စီးပွားရေးအတွက် အတတ် ပညာတစ်ခုခု သင်ဖို့ အကြံပေးခဲ့တဲ့ အဖေ။ အိမ်ထောင်ပြုရင် မယုံကြည်သူနဲ့ မပြုနဲ့ လို့ တားမြစ်တဲ့ အဖေ။ အဲဒီလို ဆုံးမတဲ့ကြားက နားမထောင်ခဲ့တဲ့ သမီးမိုက်ဟာ အခုတော့ တရုတ် စကားပြောတဲ့ စင်ကာပူအိမ်မှာ အလုပ်လုပ်ပြီး တရုတ်စကား မပြောတတ်သလို မယုံကြည်သူနဲ့ အိမ်ထောင်ပြုခဲ့လို့ ဒုက္ခရောက်ရခဲ့တာဟာလဲ ဖေဖေ့ စကားကို နား မထောင်မိခဲ့လို့ပါဘဲ။ သမီးအပေါ် အရမ်းချစ်ပြီး ဆုံးမသွန်သင်ခဲ့သမျှတွေ ဖေဖေ့ စေတနာတွေ အားလုံးကို ရှေ့လျှောက် သမီး မိုက် လိမ္မာနာခံပါတော့မယ်။

ကျမ တို့က မိုးကုတ် ပတ္တမြားထွက်တဲ့ နေရာမှာနေတော့ ဖေဖေ့ စီးပွားက တစ်နေကုန် စက်ဘီးတစ်စီးနဲ့ ကျောက်လိုက်ဝယ်ပြီး ညမိုးချုပ်တဲ့အခါ အိမ်ပြန်ရောက်ရင် ကိုင်တိုင်ပုံသွင်း ကျောက်အကွက် ဖော်ပါတယ်။ ညဘက် လျှပ်စစ်မီးပြတ်သွားရင်လဲ ဖယောင်းတိုင် ထွန်းပြီး ကျောက်သွေးတဲ့ ဖေဖေ့ ရုပ်သွင်ကို ခုထိ မှတ်မိနေဆဲပါ။ သူကိုယ်တိုင် သွေးတဲ့ ကျောက်ကို သူကိုယ်တိုင် ရောင်းပါတယ်။ ဖေဖေ ကြိုးစားတဲ့ အလုပ်ကို ဘုရားသခင် ကောင်းကြီးပေးလို့ ကောင်းမွန်စွာ စားသောက်ခဲ့ရတဲ့ နှစ်တွေ အများကြီးပါ။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ရယ် ဖေဖေ တော်လို့ရယ် တိုက်တွေ ကားတွေထက်မက စကြာဝဠာထက်မက အဖိုးတန်လှတဲ့ ချစ်မေမေ လမ်းပြန်လျှောက်နိုင်ခဲ့ပါတယ်။ ကျမ အထွေး ဖေဖေ့ကို ဂုဏ်ပြုရင်း သက်သေခံ လိုက်ပါတယ်။ ။ အထွေး(တောင်ကြီး)

---

## အမှိုက်နဲ့ရေ



**အမှိုက်နဲ့ရေ** Jun Joy

ဒီနေ့ မိုးတွေ အရမ်းရွာပါသည်။ မြောင်းထဲမှာလဲ အမှိုက်တွေနဲ့ ပြည့်လာပါသည်။ ကျွန်ုပ် ရေမြောင်းတံခါးကို မဖွင့်ပေးသေးဘဲ ရေများများ လာတဲ့အထိ ထားပြီးမှ ဖွင့်ချလိုက်တဲ့အခါမှာ ခုနက အမှိုက်များ အားလုံး ရေမြောင်းထဲ ရေစီးနဲ့ မျောပါ ရှင်းလင်းသွားပါတော့သည်။ ခနအကြာတွင် အလွန် လင်းလက်သော လျှပ်စစ်တစ်ခု ပြက်သွားပြီး နောက်ပိုင်းတွင် မိုးကြိုး ထစ်ချုန်းသံကို နားကွဲမတတ် ကြားလိုက် ရပါသည်။ ထိုအခြင်းအရာကို မြင်ရသောအခါ ဘုရားသခင်၏ သွန်သင်ခြင်းကို ခံစားရပါသည်။ အသက်တာ၌ ရေနှင့်တူသော နှုတ်ကပါတ်တော်များ ပြည့်နေသော်လဲ အပြစ် ဒုစရိုက် အမှိုက် သရိုက်များလဲ ရှိနေဆဲပါ။ ဘာ့ကြောင့်လဲ ဆိုတော့ ရေတံခါး ဆိုတဲ့ နလုံးသား ခံယူတဲ့ တံခါးမဖွင့်သေးသောကြောင့် ဖြစ်ပါသည်။ ထိုသို့ နလုံးသား တံခါးကို ဖွင့်လိုက်သောအခါ နှုတ်ကပါတ်တော်ရေက အပြစ်တရားရဲ့ ဒုစရိုက်များကို တိုက်စား ရှင်းလင်း သွားစေပါသည်။

ခုနက အလင်းနဲ့ မိုးချုန်းသံကို ကြားရသောအခါ ငယ်ငယ်က အလယ်တန်း ကျောင်းသား ဘဝတွင် သင်ကြားခဲ့ဖူးသော ကျောင်းသင်ခန်းစာ တစ်ခုကို သွားသတိရမိပါသည်။ မိုးကြိုးပစ်သံကို ကြားပြီးသောသူသည် ထို မိုးကြိုး ထိမှန်ခြင်း မခံရတော့ကြောင်း သေချာသည်။ အဘယ့်ကြောင့်ဆိုသော် အလင်းသည် အသံထက် မြန်သောကြောင့် ဖြစ်သည်။ ထိုနည်းတူ အလင်း(လောက၏အလင်း) ဖြစ်သော သခင်ယေရှုခရစ်တော်ယေရှု ဘုရားသည် လက်ဝါးကပ်တိုင်ထက်မှာ လူသား တစ်ရပ်လုံး အတွက် အမှုပြီးပြီ ဆိုသော ကြေငြာချက်ကို ပြောသွားခဲ့ပါသည်။ ထိုသတင်းကောင်း ဧဝံဂေလိကို ကြားကာ ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည် လက်ခံပြီးသောသူသည် အပြစ်ငရဲမှ ကယ်လွှတ်ခံရပြီးဖြစ်ကြောင်း သေချာစေပါသည်။ ယော ၁း၁၂ အကြောင်းမူကား ငါ၏ နှုတ်ကပါတ်တော်သည် ငါ့ထံသို့ အချည်းနီး ပြန်မလာရ။ ဟု ဘုရားခသင် ကတိတော် ရှိသောကြောင့်ဖြစ်ပါသည်။ Jun Joy(Thomson)

---

## ဖေဖေနှင့်ကျနော်

**ဖေဖေနှင့်ကျနော်** ချစ်လင်းလေး

ငါ့စကားကို နားထောင်သောသူမူကား လုံခြုံစွာနေ၍ ဘေးကို မကြောက်ဘဲ ငြိမ်ဝပ်လိမ့်မည်။ သုတ္တံ ၁း၃၃



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၁ ဇွန်လိုင်လ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကျနော် ငယ်စဉ်ကလေးဘ၀ ဖခင်၏ လက်ကို တွဲကာ ရောဝတီ မြစ်ကမ်းနဘေး သဲသောင် ပြင်တွေပေါ် ခုန်ပေါက်ပြေးလွှား ဆော့ကစားခဲ့ဖူးပါသည်။ ထိုစဉ်က အစုန်အဆန် သွားလာနေသော သင်္ဘောများနှင့် တိမ်တွေကြား ပြေးလွှား ပျံသန်းနေသော ငှက်ကလေးများကို ကြည့်ရင်း ညနေဆည်းဆာ အချိန်များကို ဖခင်နှင့်အတူ ဖြတ်သန်းခဲ့ပါသည်။ တစ်နေ့သော ညနေခင်းတွင် ရပ်လုမတတ် နေးကွေးစွာ ခုတ်မောင်းနေသော သင်္ဘောလေးတစ်စင်းနောက်၌ တွဲနောင်လိုက်ပါနေသော မဲမဲ အတုံးကြီးများကို စိတ်ဝင်စားရင်းက ဖေဖေ ဟိုသင်္ဘောနောက်က မဲမဲကြီးက ဘာတွေလဲ။ အဲဒါ ကျွန်းသစ်ဖောင်ကြီးဘဲ လူကလေးရဲ့ တန်ဖိုး အရမ်းရှိတယ်။ ညီညာစီရီစွာ ဖောင်ဖွဲ့ကာ လှိုင်းလေဒဏ် ကြမ်းတမ်းစွာ ရိုက်ခတ်ခံရသော်လဲ ဣန္ဒြေ ရစွာ သင်္ဘောငယ်လေးနောက် လိုက်ပါစမြဲမို့ ပိုမိုစိတ်ဝင်စားကာ ဖေဖေ့အား မေးခွန်းများစွာ မေးမိလာပါသည်။ တန်ဖိုးရှိတယ် ဆိုတော့ လူဆိုးတွေက ကျွန်းသစ်တွေကို ယူမသွားဘူးလား။ လိုချင်ကြတာပေါ့ ဒါပေမဲ့ ယူလို့မရဘူး။ ဘာဖြစ်လို့လဲ ဆိုရင် ဒီကျွန်းသစ်တွေက အစိုးရပိုင်လို့ဘဲ။ ဒ့ါကြောင့် သစ်လုံးတိုင်းမှာ တံဆိပ်တွေ ရိုက်ထားတယ်။ အဲဒါကို သွားယူမိတာတို့ အသုံးပြုမိတာတို့ဆိုရင် ထိုက်သင့်တဲ့ ပြစ်ဒဏ် ချမှတ်ခံရမယ်။ ပြီးရင် ဒီလို မြစ်ထဲ မျောရတယ်ဆိုတော့ အတော့်ကို ကျကျနန ဖွဲ့စည်းတုပ်နှောင်ရတယ်။ မြစ်ပြင်ဟာ တစ်ခါတစ်ရံ ငြိမ်းချမ်းသာယာပေမဲ့ တစ်ခါတစ်ရံ ရာသီဉတု ပြောင်းပြန်ဖောက်ပြန်တတ်တယ်။ ဒီဒဏ်တွေကို ခံနိုင်အောင် တစ်တုံးစီ ပျံ့ကြဲပြီး ဖရိုဖရဲ မဖြစ်အောင် ပျက်ဆီး ဆုံးရှုံးမှု မဖြစ်အောင် သစ်လုံးတွေကို သံကြိုးတွေနဲ့ တုပ်နှောင်ရတယ်။ ကျကျနန စည်းနှောင်ခြင်း မခံရတဲ့ ဖောင်တွေက တော့ လေတွေတိုက် လှိုင်းတွေရိုက်ရင် ကွဲလွင့်ကာ လိုရာ မရောက်ဘဲ ပျက်ဆီး သွားကုန်တယ်။ ဖောင်ပေါ်က အလံတိုင်ကတော့ အစိုးရပိုင်တဲ့ အမှတ်လက္ခဏာဘဲ။ ဒီဖောင်ကြီး တစ်ခုလုံးရဲ့ အဓိက ကတော့ ဟိုးရှေ့က သင်္ဘောလေးဘဲ ဒီ သင်္ဘောလေးထဲမှာ အစောင့်တွေပါတယ်။ သူတို့က လူဆိုးတွေ ရန်က ကာကွယ် ပေးတယ်။ မြစ်ပြင်ရဲ့ သဘာဝဟာ ရေဆန် လေဆန် ရေစုန် လေစုန် ဆိုတာရှိတယ်။ ရေစုန် လေစုန်မှာ ဖောင်ဟာ အလိုအလျောက် မျောပါသွားနိုင်ပေမဲ့ ရေဆန် လေဆန်မှာ ဖောင်ဟာ ရှေ့မဆက်နိုင်ဘဲ အနောက်ဘက်ကို ပြန်သွားမယ်။ သင်္ဘောနဲ့ ဖောင်ကို ချည်ထားတဲ့ ကြိုးကလဲ အရေးကြီးပြန်တယ်။ ခိုင်ခံ့ဖို့လိုတယ်။ ဒီ ဖောင်ကြီးကို ဘယ်ကို ဆွဲသွားမှာလဲ။ ရန်ကုန် ဆိပ်ကမ်းကိုပေါ့။ ဟိုရောက်ရင် အိမ်ထောင် ပရိဘောဂ ပစ္စည်းတွေအဖြစ် အသုံးပြုလို့ရတယ်။ လိုသလို ပုံသွင်း ဖြတ်တောက် ပြီးရင် အဖိုးတန်တဲ့ ပရိဘောဂ လေးတွေ ဖြစ်သွားတယ်။

လူကလေးလဲ ဒီကျွန်းသစ်လိုဘဲ ဘုရားသခင်က လူကလေးကို မိခင်ရဲ့ ဝမ်းထဲမှာ ကတည်းက ရွေးကောက် တံဆိပ်ရိုက်ကာ သူပိုင်ကြောင်း တန်ဖိုးထားကာ လောကကြီး အတွက် အကျိုးပေးတဲ့သူ ဖြစ်စေဖို့ ဖေဖေ မေမေတို့ကို တာဝန် ပေးထား တယ်လေ။ ဖေဖေကတော့ ဖောင်ကို တုပ်နှောင်ထားတဲ့ ကြိုး ဖြစ်သလို သင်္ဘောနဲ ့ဖောင်ကို တုပ်နှောင်ထားတဲ့ ကြိုးလဲဖြစ်တယ်။ ဖခင်ရဲ့ ဦးဆောင်ရာကို တစိုက်မတ်မတ် လိုက်ပါနိုင်အောင် စာတန်ရဲ့ ဖြားယောင်းသွေးဆောင်မှုတွေထဲ ရောက် မသွားအောင် အနီးကပ် စောင့်ရှောက်ရသူပေ့ါ။

ဖေဖေကတော့ ဟိုးရှေ့က တရွေ့ရွေ့ ခုတ်မောင်းကာ ကျွန်းဖောင်ကြီးကို လိုရာ ရောက်အောင် သယ်ဆောင်ဆွဲယူသွားတဲ့ သင်္ဘောလေးလိုပါဘဲ။ မိသားစု တစ်စုလုံးရဲ့ ဦးခေါင်း ဖြစ်တဲ့ ဖေဖေဟာ သမ္မာတရားကို ရှေ့ရှုပြီး သားသမီး စားရေး ဝတ်ရေး နေရေး ပညာရေး စတဲ့ အရေးတွေနဲ့ ကိစ္စ အဝဝ အတွက် အပင်ပန်း အဆင်းရဲခံကာ မရပ်မနား ကြိုးစား ငွေရှာပေးတဲ့ သူပေ့ါ။ အန္တရာယ်အခက်အခဲ တွေနဲ့ ပြဿနာ တွေ့ကြုံလာတိုင်း ရှေ့ဆုံးက မားမားမတ်မတ် ရင်ဆိုင်ဖြေရှင်းပေးရသူပေ့ါ။ လူမှုရေး ကိစ္စ အဝဝကိုလဲ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှနဲ့ ကူညီပေးရသူပေ့ါ။ မိသားစု တစ်ခု လုံးကို မီးမောင်းထိုးကာ ဦးဆောင်၍ သာယာသော ပြည်တော်သို့ ပို့ဆောင်တဲ့သူပေ့ါ။ ကဲ လူကလေးရေ မိုးချုပ်လာပြီ။ အိမ်ပြန်ကြစို့။

ကျနော်ဟာ မှောင်ရိပ်သန်းလာသော ညအောက်မှာ လ အလင်းရောင်ကို အားကိုးပြီး တရွေ့ရွေ့နဲ့သွားနေသော ကျွန်းဖောင်ကြီးနဲ့ သင်္ဘောလေးကို ငေးကြည့်ရင်း ဖေဖေ့ရဲ့ သားသမီးတွေအပေါ်ထားတဲ့ မေတ္တာတရားနဲ့ စွမ်းဆောင်ချက်များကို လေးစား အထင်ကြီး လာမိပါတယ်။ မိခင် ဖခင်တို့ရဲ့ ဆုံးမမှုတွေ စည်းကမ်း တင်းကျပ်မှု တွေဟာ မချစ်လို့တော့ မဟုတ်ပါဘူး။ ကောင်းစေချင်၊ တော်စေချင်၊ လိမ္မာ စေချင်လို့ပါဘဲ။ မိဘတို့ အိုမင်းမစွမ်း ဖြစ်လာချိန်မှာ သားသမီးတွေ ဘက်က ကျေးဇူး တုန့်ပြန်မှုတွေ ဧပးဆပ်သိတတ်နားလည်မှုတွေ တုန့်ပြန်ရမှာဖြစ်ပါတယ်။ သား သမီးတို့ ပြေလည်ပျော်ရွှင်နေရင် ဖေဖေ မေမေတို့ ရင်ထဲမှာ စိတ်ချမ်းသာပါတယ်။

ကျနော် သိပ်ချစ်တဲ့ ဖေဖေဟာ တကယ်ကို ဖခင်ကောင်း ပီသသူ တစ်ဦးပါ။ လေးစား အတုယူဖွယ် ဖခင်ပါ။ ကြမ်းတမ်းနေတဲ့ ဖေဖေ့လက်တစ်စုံနဲ့ ခြေထောက်အောက်က ဖိနပ်တစ်ရံဟာ မောဟိုက်နွမ်းလျလှတဲ့ နလုံးသားထဲက သူသိပ်ချစ်တဲ့ သားသမီးတွေ လယ်သာ ဖိနပ်စီး ဖဲထီးဆောင်းနိုင်ဖို့ အတွက် ပေးဆပ်မှုတွေလို့ ကျနော်သိလို့ အိမ်ပြန် ရောက်ချိန်မှာ ဖေဖေဟာ ကျနော်နဲ့ လောကကြီးကို စွန့်ခွာသွားနှင့်ခဲ့ပါပြီ။ နာရီ ၂၀ အိမ်ပြန် နောက်ကျခဲ့တဲ့ ကျနော်ဟာ အသက်မဲ့နေတဲ့ ဖခင်ရဲ့ ရုပ်ကလာပ်ကို ဖက်ကာ ငိုကြွေးကြေကွဲရုံမှတပါး အားလုံး နောက်ကျသွားခဲ့ပါပြီ။ သေချာတာကတော့ ဖေဖေ့ စကားကို ရင်ဝယ်ပိုက်ကာ အသက်ဆက်ဖို့သာ - ။

သင်၏ မိဘကို ရိုသေစွာပြုလော့။ တရားဟော ၅း၁၆။ ချစ်လင်းလေး။

-------------------------------------

## သက်သေခံချက်

**သက်သေခံချက်** မိုး

"ကြည့်ရှုလော့။ ထာဝရဘုရားသည် မကယ်မတင်နိုင်အောင် လက်တော် တိုသည် မဟုတ်။ မကြားနိုင်အောင် နားတော် ထိုင်းသည် မဟုတ် " (ဟေရှာယ ၅၉ း၁)

ကျွန်မတို့ နိုင်ငံခြားသားတွေအဖို့ သူတစ်ပါးနိုင်ငံတွင် အလုပ်လာရောက် လုပ်ကိုင်စဉ် ကာလအတွင်း များစွာသော အခက်အခဲများ ကြုံတွေ့ ရသည်မှာ အဆန်း မဟုတ် တော့ပေါ့။ ကျွန်မလည်း ထိုအထဲမှ တစ်ဦးပါ။ ယုံကြည်သူများအဖို့ အခက်ခဲ ပေါင်းများစွာ ထဲမှ ကိုယ်တော်ရှင်သည် ကယ်နှုတ် မစ လမ်းပြပို့ဆောင် ပေးနေခဲ့၊ ပေးနေဆဲ၊ ပေးနေဦးမည့် ကြီးမြတ်ဆုံးသောဘုရား ဖြစ်ပါသည်။ ဘုရားရှင် ရဲ့ ဆုကျေးဇူး တော်များ ကွယ်ကာမှုများထဲမှာ ရှိနေသော်လည်း တခါတရံ ယုံကြည်မှု အားနည်းခြင်း ကိုယ့်ကိုယ်ကို ကိုးစားခြင်းများ ရှိလာသောခါ ဘုရားရှင်က လမ်းမှန်သို့ ပို့ဆောင် သွန်သင်ပေးလျှက် ရှိပါသည်။ ကျွန်မဟာ ကိုယ်တော် အခွင့် ပေးလို့ အလုပ် လုပ်ခွင့်ရခဲ့တာပါ။ ဒါပေမယ့် တခါတလေမှာတော့ ငါပိုက်ဆံ ရှာမှ ဖြစ်မှာပါ ဆိုပြီး ကောင်းချီး ပေးထားတဲ့ ဘုရားသခင်ကို မေ့လျော့ခဲ့တယ်။ တစ်ညမှာ ရန်ကုန်မှ ကျွန်မ အမျိုးသားနှင့် ဖုန်းပြောဖြစ်ရာ ပြန်လာချင်ကြောင်း ပြောပြမိပါသည်။ သူကလည်း မဆိုင်းမတွ စိုးရိမ်စိတ်မရှိပဲ ပြန်လာခဲ့ဖို့ ပြောပါသည်။ ကျွန်မက ပြန်လာရင် ဘယ်မှာနေမလဲ (ကျွန်မတို့ အတွက်နေစရာ ကိုယ်ပိုင်အိမ်လေး မရှိ သေးပါ) ဟုမေးရာ ကျွန်မ အမျိုးသားက ဘုရားရှင်က ကျွန်မ ပြန်လာချိန်ကျရင် အိမ်တလုံး ပြင်ဆင်ပေးပြီးသားလို့ ပြောပါတယ်။ ကျွန်မက ရယ်ပြီး ဒီနှစ် ဒီဇင်ဘာ ပြန်လာမှာနော် ဆိုပြီး ကျွန်မ အမျိုးသားကို ပြန်ပြောရာ သူက ချက်ခြင်းပဲ ကျွန်မကို ဆူပြီး သတိပေးပါတယ်။ ဘုရားရှင်သည် ဖြစ်နိုင်သော အရာများကိုမှ တတ်နိုင်သော ဘုရား မဟုတ်ဘူးလို့ ထပ်ပြောပါတယ်။ ကျွန်မလည်း ဆက်မငြင်းတော့ပဲ ဒီလိုနဲ့ ပုံမှန် အလုပ်လေးလုပ် ပိုက်ဆံလေးစုလို့ လုံလောက်မှပဲ ပြန်မယ်ဆိုပြီး ကိုယ့်ကိုကိုယ် ကိုးစားလို့ ဘုရားပေးထားတဲ့ အရာတွေပါလားဆိုတာ မေ့သွားခဲ့တယ်။ အဲ- သိပ် မကြာပါဘူး လွယ်လွယ်ကူကူပဲထင်ပြီး လုပ်နေတာတွေမှာ ပြဿနာများ ကြုံတွေ့ လာခဲ့တယ်။ အဆင်မပြေမှုတွေ တခုပြီးတခု ပေါ်ပေါ်လာတာ ကျွန်မ ဆုတောင်း ဆပ်ကပ်ရင်း ကိုယ်တော်င့ါကို တခုခု သွန်သင်နေသလို ခံစားရလာခဲ့တယ်။ ကျွန်မက ကိုယ့်ဖာသာ ကိုယ် အစီစဉ်တွေဆွဲ၊ ဒါမှဖြစ်နိုင်ချေရှိမှာပဲ ဆိုပြီး ဘုရား တတ်နိုင်ခြင်းကို မဝန်ခံ ခဲ့မိဘူး။ ကိုယ်တော်ရှင်က အခု ကျွန်မ ရရှိနေတာတွေလည်း သူပေးထားတာပဲ သူ မပါခဲ့ရင် ကျွန်မတို့ ရပ်တည်နိုင်ဖို့ အလွန်ပင် ခက်ခဲပါတယ်။ အဲဒီမှာ ကျွန်မ နားလည် ပြီး ချက်ခြင်းပဲ ကျွန်မ မျက်ရည်ကျလျက် ဘုရားရှင် ထံသို့ နောင်တနှင့် ပြန်လည် တိုးဝင်ချဉ်းကပ်ခဲ့ပါတယ်။ ကိုယ်တော်ရှင် ဘုရားဟာ ကျွန်မတို့ အယောက်စီတိုင်းအတွက် အကောင်းဆုံးတွေကို ကြိုတင်ပြင်ဆင်ပေးပြီးသားပါ။ ကျွန်မတို့တွေ ထံမှ ယုံကြည်ကိုးစား ဝန်ခံလျက် တောင်းလျှောက်ဖို့ပဲ လိုတာပါ။ "ထာဝရ ဘုရားသည် မကယ်မတင် နိုင်အောင် လက်တော် တိုသည် မဟုတ်။" ချစ်သော ညီအစ်ကို မောင်နှမများ အားလုံးအပေါ် ဘုရားရှင် သာ၍ ကောင်းချီး ပေးပါစေ။ အာမင်။ ။ မိုး

-------------------------

## အဖေ့ဆုတောင်း



**အဖေ့ဆုတောင်း** (အယ်ဒီတာ)

(ဝန်ခံချက်။ ကျနော့် သခင့်စကား ပရိတ်သတ်တွေထဲမှာ စာတိုက်ကနေ စာမူတွေရေးပို့ပြီး သက်သေခံ သူတွေရှိသလို စာ မရေးအား။ မရေးတတ်တဲ့ သူတွေကလဲ သူတို့ ဘ၀ အသက်တာထဲက သက်သေခံချက်များကို ကျနော်နဲ့ လူချင်း ဆုံမိတဲ့အခါ နှုတ်နဲ့ ပြောပြ သက်သေခံ ကြပါတယ်။ သူတို့ ကိုယ်စား စာရေးပြီး သက်သေခံပေးဖို့ တောင်းဆို ထားတဲ့ အတွက် အခုလို ဖခင်များနေ့ လရာသီမှာ ဖခင်အမျိုးသား အိမ်ထောင်ရှင်များရဲ့ လူမှုဘ၀



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၁ ဇွန်လိုင်လ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ရှန်းကန်ရတဲ့ သက်သေခံချက်များကို ***အဖေ့ဆုတောင်း*** ဆိုတဲ့ခေါင်းစဉ်နဲ့ သူတို့ ကိုယ်စား ရေးသား တင်ဆက်လိုက်ပါတယ်။ ဖတ်ရှု ခွန်အားယူကြပါစို့။ အယ်ဒီတာ)

**ယာမာဟာစန္ဒယား**(မန်းသိန်း)။ ကျနော်က အိမ်ထောင်သည် ဖခင် တစ်ယောက်ပါ။ သားအကြီးနဲ့ သမီးအငယ်ရှိပါတယ်။ အိမ်မှာ ရှိနေတဲ့ သားသမီး တွေအတွက် စန္ဒယား တစ်လုံးကို အဟောင်းဆိုင်က ဝယ်လာခဲ့ပါတယ်။ ယာမာဟာ အမျိုးအစား ဖြစ်ပါတယ်။ အဟောင်းဆိုင်က ဝယ်လာတာဖြစ်တဲ့အတွက် အင်္ဂါမစုံတဲ့ စန္ဒယားလို့ ဆိုရပါမယ်။ ထိုင်ခုံ မရှိပါဘူး။ အဲဒီလိုနဲ့ ယာမာဟာ စန္ဒယားကို တီးတဲ့ သူတိုင်း ကြုံရာ ထိုင်ခုံ တစ်ခုခုနဲ့ တွဲဖက် သုံးနေရပါတယ်။ ပလပ်စတစ် ခုံ ဖြစ်ဖြစ် သံခုံ တစ်ခုခု ဖြစ်ဖြစ်နဲ့ဘဲ ဖြစ်သလို စခန်းသွားနေရပါတယ်။ ကျနော့် စိတ်ထဲမှာ ယာမာဟာ စန္ဒယားနဲ့ လိုက်ဖက်တဲ့ ယာမာဟာ အမျိုးအစား စန္ဒယားတီးတဲ့ ထိုင်ခုံ တစ်ခု ရရင် ကောင်းမှာဘဲလို့ တွေးနေရင်း ဆုတောင်းမိပါတယ်။ ထိုင်ခုံ တစ်ခုထဲ ဝယ်ဖို့ ကလဲ ရှာမရ သလို အဆင်မပြေပါဘူး။ ဒီလိုနဲ့ တစ်နှစ်တိတိ ကြာသွားပြီးတဲ့အခါမှာ တစ်နေ့တော့ ကျနော် အလုပ်သွားမလို့ တိုက်အောက်ကို ဆင်းလာခဲ့ပါတယ်။ အဲဒီ အချိန်မှာ အဖိုးကြီး တစ်ယောက် ထိုင်ခုံတစ်လုံး သယ်လာတာကို တွေ့လိုက်ရပါတယ်။ ခုံသယ်တဲ့ အဖိုးကြီးဟာ ကျနော် ရပ်နေတဲ့ နားမှာ ရှိတဲ့ အမှိုက်ပုံး ရှိရာကို တည့်တည့် လျှောက်လာတာ ဖြစ်တဲ့အတွက် စိတ်ထဲမှာ အဲဒီထိုင်ခုံကို သူလွှင့်ပစ်လို့မလား မသိဘူးလို့ ထင်နေမိတဲ့အတွက် မသိမသာ ရပ်စောင့်နေလိုက်ပါတယ်။ ကျနော် တွေးထင်ထားတဲ့ အတိုင်းပါဘဲ အဖိုကြီးက ထိုင်ခုံကို ကျနော့်နားက အမှိုက်ပုံမှာ ပစ်ချသွားပါတယ်။ သူပစ်သွားတဲ့ ထိုင်ခုံကို ကြည့်လိုက်တော့ အသစ်နီးပါးကောင်းမွန်ပြီး ယာမာဟာ အမှတ် အသား တံဆိပ်ပါတဲ့ စန္ဒယားတီးတဲ့ ထိုင်ခုံဖြစ်နေပါတယ်။ အခုတော့ ကျနော့်အိမ်မှာ ယာမာဟာ အမျိုးအစား စန္ဒယားနဲ့ ထိုင်ခုံကို တွဲဖက် မြင်တွေ့ရမှာ ဖြစ်ပါတယ်။

**ပတ်စ်ပို့ပျောက်ခြင်း**(ဦးစောသောင်း)။ ကျနော်က ကလေးနှစ်ယောက်အဖေ အိမ်ထောင်သည်ပါ။ စင်ကာပူအင်ဂျင်နီးယားရင်း ကုမ္ပဏီ တစ်ခုက အရာရှိတစ်ယောက် ဖြစ်ပါတယ်။ တစ်နေ့မှာ ကျနော်တို့ အလုပ်ကို မြန်မာပြည်က အလုပ်သမား ၉ ယောက် အသစ်ရောက်လာပါတယ်။ တာဝန်ခံ စင်ကာပူ နိုင်ငံသား အရာရှိက အသစ် ရောက်လာတဲ့ အလုပ်သမားတွေကို ချန်ဂီ လေဆိပ်မှာ သွားကြိုပါတယ်။ အဲဒီအထဲက အလုပ်သမား တစ်ယောက်ဟာ လေဆိပ်မှာ လောလော လောလောနဲ့ ထွက်လာတာမို့ သူ့ရဲ့ ကိုယ်ရေးရာဇဝင် အရေးကြီး အောင်လက်မှတ် စာရွက်စာတမ်းတွေနဲ့အတူ နိုင်ငံကူးလက်မှတ်ပါတဲ့ ဖိုင်တွဲ ကျပျောက်သွားပါတယ်။ ပျောက်သွားတာကိုလဲ ချက်ခြင်းမသိဘဲ တစ်နာရီကျော်ကျော်ကြာမှ သတိရပါတယ်။ သိသိချင်း တာဝန်ခံက ရဲဌာနနဲ့ လေဆိပ် ပစ္စည်းပျောက်ထိန်းသိမ်းရေး ဌာနကို ဖုန်းဆက်ပြီး လှမ်းတိုင်ထားပါတယ်။ အလုပ်ထဲက လူတွေ တော်တော်များများကတော့ ပြန်ရဖို့ လုံးဝ မသေချာဘူးလို့ ပြောပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ပြီးခဲ့တဲ့ လက မလေးရှား နိုင်ငံသား တစ်ယောက် ချန်ဂီလေဆိပ်ထဲမှာ နိုင်ငံကူးလက်မှတ် ပျောက် သွားတာ လုံးဝ ပြန်မရတဲ့ အတွေ့အကြုံရှိထားလို့ပါဘဲ။ သူတို့ပြောသလိုပါဘဲ။ တစ်နေကုန်တဲ့အထိ လေဆိပ် ပစ္စည်းပျောက်ဌာန ကရော၊ ရဲဌာန ကပါ ပျောက် သွားတဲ့ ဖိုင်တွဲ ပြန်တွေ့တယ်ဆိုတဲ့ သတင်းကို လုံးဝ မပေးခဲ့ပါဘူး။ ကာယကံရှင် ကောင်လေးလဲ တော်တော် စိတ်ညစ်နေသလို သူဌေးလဲ စိတ်အရမ်းတိုနေပါတယ်။ သူတို့ လူသစ်တစ်ဖွဲ့လုံးကလဲ မနက်ဖြန်မှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်း သွားတက်ရမှာမို့ နိုင်ငံကူးလက်မှတ် လိုနေပါတယ်။ ကြားထဲက ဒီ အဖြစ်အပျက်ကို တွေ့မြင်နေရတဲ့ မြန်မာ အရာရှိတစ်ယောက်ဖြစ်တဲ့ ကျနော်လဲ ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ ညနေ အလုပ်ဆင်းတော့ ထုံးစံအတိုင်း အိမ်ပြန်လာခဲ့ပါတယ်။ အလုပ် ပင်ပန်းထားတာမို့ အိမ်ရောက်ရင် ချက်ပြုတ်စားသောက်ပြီး အနားယူမယ်လို့ စိတ်ကူးပြီး ပြန်လာခဲ့ပါတယ်။ အိမ်နားက ရထားဘူတာရုံရောက်တော့ ဆင်းရမဲ့ အစား မဆင်းဖြစ်ဘဲ လေဆိပ်အထိ ရထားလိုက်စီးသွားပြီး ဖိုင်တွဲပြန်ရှာဖို့ စိတ်ထဲမှာ ပေါ်လာတာမို့ ရထားကို လေဆိပ်အထိ ဆက်စီးလာခဲ့မိပါတယ်။ ကျနော့်ဘဝမှာ ကိုယ့် လိုအပ်ချက်အတွက် ဘုရားသခင် ဆီမှာ ဆုတောင်းလေ့မရှိပါဘူး။ တော်ရုံတန်ရုံ ကိစ္စတွေကို မတောင်းတတ်ပါဘူး။ ဒါပေမဲ့ ဒီကိစ္စမှာတော့ ထူးထူးခြားခြား ဘုရားသခင်ဆီမှာ ဆုတောင်းမိပါတယ်။ အခုမှ ရောက်လာတဲ့ ကောင်လေး ပျောက်သွားတဲ့ အရေးကြီး စာရွက်စာတမ်း နိုင်ငံကူးလက်မှတ် ပါတဲ့ ဖိုင်တွဲ ပြန်တွေ့ခွင့် ပေးပါလို့ပေါ့။ လေဆိပ်ထဲ ရောက်တော့ အမှိုက်ပုံးတွေ တစ်ခုပြီး တစ်ခု လိုက်ဖွင့်ကြည့်ပါတယ်။ စိတ်ထဲမှာ လူတွေက ကောက်ရလို့ အမှိုက်ပုံးထဲ လွှင့်ပစ်မယ် ထင်ထားလို့ပါ။ အမှိုက်ပုံးတွေ တစ်ခုပြီးတစ်ခု လိုက်ဖွင့်ကြည့်နေတဲ့ ကျနော့်ကို လေဆိပ်ထဲက ခရီးသည်တွေနဲ့ လုံခြုံရေးဝန်ထမ်းက အထူးအဆန်းလို ဝိုင်းကြည့် နေကြ ပါတယ်။ နောက်တော့ ပစ္စည်းပျောက်ဌာနကို သွားမေးလိုက်ပါတယ်။ ဒီနေ့ နေ့လည် လေယာဉ်အမှတ် -- နဲ့ ရန်ကုန်က လာတဲ့ ခရီးသည်တစ်ယောက် နာမည် -- နိုင်ငံကူးလက်မှတ် -- နဲ့ အရေးကြီးစာရွက် ထည့်ထားတဲ့ ဖိုင်တွဲ ပျောက်သွား ကြောင်း ပြောပြလိုက်မိတဲ့ အခါမှာ အဲဒီဌာနမှာ ရှိနေတဲ့ တာဝန်ခံက မြန်မာလူမျိုး တစ်ယောက် ဖြစ်နေပြီး သူ့ဆီမှာ ဖိုင်တွဲတစ်တွဲ ကောက်ရလို့ လက်ခံထားပါတယ် ဟုတ် မဟုတ်ကြည့်ပေးပါ ဆိုတော့ ကြည့်လိုက်တဲ့အခါမှာ မယုံကြည်နိုင်စရာ ပျောက် နေတဲ့ ဖိုင်တွဲကို ပြန်တွေ့ရပါတယ်။

**မြင်းထိန်းသမားလေး**(ကိုဝင်းထွဋ်)။ ကျနော် စင်ကာပူကို လျှပ်စစ်အင်ဂျင်နီယာ အနေနဲ့ ရောက်လာပါတယ်။ ဒါပေမဲ့ လျှပ်စစ်နဲ့ ပါတ်သက်တာ မလုပ်ရဘဲ မြင်းထိန်း တဲ့ အလုပ်ကို လုပ်ရပါတယ်။ မြင်းစာကျွေး၊ မြင်းထိန်းကျောင်း၊ မြင်းလေ့ကျင်ခန်း လုပ်တဲ့ အလုပ်တွေကို နိစ္စဓူဝ လုပ်ရပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေက စင်ကာပူက နာမည်ကြီး အပန်းဖြေကျွန်း ဖြစ်တဲ့ ဆန်တိုစာ အသစ်မွမ်းမံ ပြင်ဆင်ပြီး ဖွင့်ပွဲ လုပ်ခဲ့ပါတယ်။ အဲဒီဖွင့်ပွဲမှာ တာဝန်ရှိသူတွေက ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြပါတယ်။ အဲဒီ ပွဲမှာ မြင်းအလှပြ လှမ်းလျှောက်တဲ့ အစီအစဉ်ကို ထည့်သွင်းထားတဲ့ အတွက် ကျနော့် သူဌေးဆီက မြင်းတွေကို လာငှားပါတယ်။ သူဌေးက အဲဒီနေ့ ပွဲအတွက် လိုအပ်တဲ့ မြင်းတွေ မြင်းထိန်းသူတွေကို စီစဉ်ရွေးချယ်တာဝန်ယူစေပါတယ်။ ကျနော်လဲ မြင်းအဖွဲ့နဲ့ လိုက်ပါရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျနော် လုပ်ဆောင်ရမဲ့ အလုပ်ကို သူဌေးက လာပြောပြတဲ့ အချိန်မှာ ကျနော် စိတ်အရမ်းဆိုးပြီး စိတ်ဓါတ် အရမ်း ကျသွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီ ဖွင့်ပွဲမှာ ကျနော် လုပ်ရမဲ့ အလုပ် က မြင်းချေးကြုံးရမဲ့ အလုပ်တဲ့။ အဲဒီနေ့က စပြီး ကျနော် အရမ်းရှက်။ စိတ်ဆိုးပြီး နေ့တိုင်း အိပ်လို့ မပျော်ခဲ့ပါဘူး။ အဲဒီနေ့က ဆန်တိုစာကျွန်း ဖွင့်ပွဲဖြစ်တဲ့အတွက် လူတွေ အများကြီးလာကာ ဓါတ်ပုံတွေရိုက် ဗီဒီယိုတွေရိုက်ကြမှာ ဖြစ်ပါတယ်။ အားလုံး ပြုံးပျော်နေကြမှာ ဖြစ်ပါတယ်။ အရမ်းကျက်သရေရှိပြီး လှပတဲ့ပွဲ ဖြစ်ပါတယ်။ အဲဒီလို လှပ ကျက်သရေရှိ ပျော်စရာကောင်းတဲ့ ပွဲမှာ ကျနော်ဟာ မြင်းအလှပြလမ်းလျှောက်တဲ့ မြင်းတွေနောက်က ကုပ်ချောင်းချောင်းနဲ့ မြင်းချေး ကြုံးရမှာ ဆိုတော့ စဉ်းစားသာ ကြည့်ကြပါတော့ဗျာ။ ကျနော်မြင်းချေးကြုံးနေတာကို လူတွေမြင်သွားခဲ့ရင် အထူးသဖြင့် ကျနော့် သူငယ်ချင်းတွေ မိသားစုတွေမြင်သွားခဲ့ရင် ရှက်ရချည်ရဲ့ဆိုပြီး ကျနော် လုံးဝ အိပ်မပျော်ခဲ့ပါ။ ဘုရားသခင်ကို ကျနော် မြင်းချေး မကြုံးချင်တဲ့အကြောင်း ရင်ဖွင့် ဆုတောင်းမိခဲ့ပါတယ်။

အဲဒီလိုနဲ့ ပွဲတော်ရက်ကြီး နီးလာခဲ့ပါတယ်။ သူဌေးက မြင်းတွေ ကျန်းမာရေးစစ် မြင်းတွေဝတ်ရမဲ့ အလှအဝတ်နဲ့ မြင်းထိန်းတွေ ဝတ်ရမဲ့ ဝတ်စုံတွေ စစ်ဆေး နေပါတယ်။ ပွဲတော် စဖို့ နာရီပိုင်း အလိုမှာ ကျနော်တို့ အလှပြမဲ့ မြင်းတွေဟာ လှပတဲ့ မြင်းဝတ်စုံတွေ ဝတ်ထားသလို မြင်းထိန်းတွေကလဲ လှပတဲ့ ဝတ်စုံတွေနဲ့ မြင်း ဘေးနားကနေ ခန့်ခန့်ညားညားလျှောက်ဖို့ ပြင်ဆင်နေကြပါတယ်။ ကျနော် တစ်ယောက်တည်းသာ မြင်းချေးကြုံးတဲ့ ဝတ်စုံနဲ့ မြင်းချေးကြုံး ဂေါ်ပြား မြင်းချေးထဲ့ တဲ့ပုံးကို ကိုင်ရင်း ထိုင်ငိုင်နေမိပါတယ်။ အချိန်အရမ်း နီးကပ်နေပါပြီ။ နာရီဝက် လောက်ဘဲ လိုပါတော့တယ်။ ကျနော်တို့ မြင်းခန်းထဲကို သူဌေး ပျာရိပျာယာ ရောက်လာပြီး ကျနော့် နာမည်ကို လှမ်းခေါ်ပါတယ်။ ပြီးတော့ သူ့လက်ထဲမှာ ပါလာတဲ့ လှပတဲ့ မြင်းထိန်း အင်္ကျီတစ်စုံကို ကျနော့်လက်ထဲ ထည့်ပြီး မြင်းချေးကြုံးတဲ့ ဝတ်စုံကို အမြန်ချွတ်။ မြင်းထိန်းဝတ်စုံကို အမြန်ဝတ် ဒီပွဲမှာ မင်း မြင်းချေး ကြုံးစရာ မလိုဘူး။ မြင်းဇက်ကြိုးကိုင်ပြီး မြင်းထိန်းဘဲ လုပ်ပါ။ မြင်းချေးကြုံးဖို့ မင်းအစား အခြား တစ်ယောက်ကို ငါခိုင်းလိုက်မယ်တဲ့။

**နေ့စားအလုပ်သမား**(စောဖထူး)။ ကျနော့် အသက် ငါးဆယ်ပြည့်လို့ စင်ကာပူ ရောက်နေတာလဲ ၁၅နှစ်ကျော်ခဲ့ပါပြီ။ ကျနော် လုပ်နေတဲ့ ဆောက်လုပ်ရေး လုပ်ငန်း တစ်ခုမှာ ၁၅နှစ်လုံးလုံး နေ့စား အလုပ်သမားဘဝနဲ့ အလုပ်လုပ်ခဲ့ပါတယ်။ တစ်နေ့တော့ ဩစတေးလျနိုင်ငံမှာ အလုပ်သမားလိုတယ် အင်တာသွားဗျူးပါလို့ သူငယ်ချင်းတွေ တိုက်တွန်းတဲ့အတွက် ကျနော် လိုအပ်တဲ့ အောင်လက်မှတ်တွေ စုဆောင်းလိုက်ပါတယ်။ ကျနော့် ဆောင်လုပ်ရေး အောင်လက်မှတ်တွေက စင်ကာပူ အစိုးရ ကျောင်းတွေက ဖြစ်တဲ့အတွက် အောင်လက်မှတ်တစ်ချို့ကို သူဌေးက သိမ်းထားပါတယ်။ ပြန်တောင်းဖို့ အဆင်မပြေသလို အသက် ငါးဆယ် ကျော်စပြုလာတဲ့ ကျနော်ဟာ စင်ကာပူမှာ နောက်ထပ် အလုပ် ဆက်လုပ်ဖို့ သိပ် မသေချာပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အသက် ၅၀ကျော်ပြီး နေ့စား အလုပ်သမား ဘဝ နဲ့ဘဲ ဖြစ်နေသေးရင် စင်ကာပူ အစိုးရက အလုပ်ပါမစ်သက်တမ်းတိုး ပေးမှာ မဟုတ်တော့

ဘူး ဆိုတဲ့ သတင်းတွေ ထွက်နေလို့ပါဘဲ။ အဲဒါကို စိုးရိမ်တဲ့ ကျနော်ဟာ ဩစတေးလျကို အလုပ်သွားလုပ်ဖို့ လိုအပ်တဲ့ ကျနော့်အောင်လက်မှတ်တွေကို အလုပ် လုပ်ရှင်းတဲ့ တစ်နေ့မှာ သူဌေးရုံးခန်းထဲ ဝင်ပြီး ခိုးယူလိုက်ပါတယ်။ ခိုးယူတာ မကောင်းမှန်း သိပေမဲ့ ကိုယ့်အရည်အချင်းနဲ့ ကိုယ်ဖြေလို့ အောင်ထားတဲ့ အောင်လက်မှတ်ကို မတရား ထိန်းသိမ်းထားပြီး ၁၅နှစ်လုံးလုံး ရာထူး မတိုးပေးတဲ့ နေ့စားသမားဘဝက လွတ်ဖို့ ကိုယ့်အောင်လက်မှတ်ကို ကိုယ်ပြန်ခိုးတာ တရားတယ်။ လုပ်သင့်တယ် ထင်လို့ ကျနော် လုပ်လိုက်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဆင် မပြေချင်တော့ ကျနော် ခိုးတာ လူမိသွားပါတယ်။ စိတ်အရမ်းဆိုးနေတဲ့ မန်နေဂျာက သူဌေးကို တိုင်ပြီး နောက်နေ့မှာ သူဌေးနဲ့ အရာရှိတွေ အားလုံးက ကျနော့်ကို ရဲလက်အပ် အရေးယူဖို့ စစ်ဆေး ကြပါတယ်။ ကျနော်က ရဲရဲဝံ့ဝံ့ပါဘဲ။ ကိုယ့်အောင်လက်မှတ်ကို မတရား သိမ်းထားလို့ ပြန်ယူတာ ဖြစ်တယ်။ ၁၅နှစ်လုံးလုံး ရာထူး မတိုးပေးလို့ အလုပ် အသစ်ပြောင်းမှာ ဖြစ်တယ်လို့ ပြောပြလိုက်ပါတယ်။ နောက်တစ်နေ့မှာ သူဌေးက ကျနော့်ကို လုံးဝ အရေးမယူ စိတ်မဆိုးတဲ့ အပြင် သူ့အပြစ် သူသိသွားပြီး ကျနော်ကို နေ့စား အလုပ်သမား ဘဝကနေ လခစား ဝန်ထမ်း ရာထူးတိုးပေးခဲ့ပါတယ်။



# တကျော့နဲ့ ပါဝါ-၉

## တကျော့နဲ့ပါဝါ -၉ အရှိုင်းပန်း

(စကားချီး။ တကျော့နဲ့ပါဝါ သက်သေခံချက်နဲ့ ပါတ်သက်ပြီး လူတော်တော်များများ ကျနော့်ကို ဝေဖန်ကြပါတယ်။ ထည့်သင့်တယ် မထဲ့သင့်ဘူးပေါ့။ တကျော့နဲ့ ပါတ်သက်ရင် မိသားစုထဲမှာ အသင်းတော်ထဲမှာ ပညာပေးတာ နဲ့ပါတယ်။ ပြောမှသိ၊ ထိမှနာ တတ်တဲ့ သူတွေ အတွက် တကယ်ထိပြီး နာသွားတဲ့ သူတွေရဲ့ သက်သေခံချက်တွေကို စာပေအားဖြင့် ရေးသားဖော်ပြရင်း တကျော့နဲ့ ပါတ်သက်ပြီး သင်ခန်းစာ ပေးတာဖြစ်ပါတယ်။ မိမိ အပြစ်ကို မြင် နောင်တရ၍ ဘုရားသခင်ထံ ဝန်ချ ရေးသားသက်သေခံသော ကာယကံရှင် စာရေးသူများ အားလုံးကို ကျေးဇူးတင်သလို စာဖတ်သူများအနေနဲ့လဲ ဒီစာတွေအားဖြင့် မိမိ ကိုယ်တိုင်နဲ့ တူ တူမ သားသမီးများကို ပေးဖတ်ပြီး သတိပေး သွန်သင်နိုင်ဖို့ ရည်ရွယ် ဖော်ပြရခြင်း ဖြစ်ပါတယ်။ အယ်ဒီတာ)

(အရှိုင်းပန်း) ကျမ သက်သေခံတာ မဟုတ်ပါဘူး။ အပြစ်တွေ ဝန်ချတောင်းပန်ရင်း သတိပေးတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၁ ဒီဇင်ဘာလ လောက်တုန်းက ည ၁၁နာရီ ကျော်ကျော် မှာ ကျမဆီ ဖုန်းတစ်လုံး ဝင်လာပါတယ်။ ကျမလဲ အိပ်ချင်မူးတူးနဲ့ ထကိုင် လိုက်မိပါတယ်။ ဘယ်သူလဲလို့ မေးတော့ တစ်ဘက်က ဖုန်းဆက်တဲ့ သူက ကျနော်က အညာသား နာမည် --- ပါ။ အစ်မနဲ့ ခင်လို့ရမလား။ အစ်မ ဖုန်းနံပါတ်ကို သူငယ်ချင်း တစ်ယောက်ဆီက ရပါတယ်လို့ ပြောပါတယ်။ ကျမလဲ အမှုမဲ့ အမှတ်မဲ့ဘဲ သဘောထားလိုက်ပါတယ်။ နောက်နေ့ ညတွေမှာလဲ မကြာမကြာ ဖုန်းခေါ်ရင်း အသက်တွေ လူမျိုးတွေ ဘာသာတွေ မေးလာခဲ့ပါတယ်။ ကျမ က ခရစ်ယာန်မှန်း သူသိသွားတော့ ကျမတို့ ဘာသာကို လေ့လာလို့ရမလား။ ဘုရားကျောင်း လိုက်တက်လို့ ရမလားလို့ မေးလာပြန်ပါတယ်။ သူ့ မိဘဆွေမျိုး တွေကတော့ မိရိုးဖလာ (-) ဘာသာဝင် ဖြစ်ပေမဲ့ သူကိုယ်တိုင်က ဘယ်ဘာသာတရားကိုမှ လေးလေး နက်နက်မထားတဲ့ ဖရီးသင်ကာ Free Thinker သမားလို့ ပြောပါတယ်။ ကျမဟာ တစ်နေ့ ၃ကြိမ် ဘုရားဆုတောင်း ကျမ်းစာဖတ်သလို သူငယ်ချင်းတွေဆီ ခွန်အားရတဲ့ ကျမ်းချက်တွေကို ဖုန်းနဲ့ မက်စေ့စ် ပို့ရင်း သာသနာပြု နေတဲ့သူ ဖြစ်ပါတယ်။ အခုလို ဘာသာခြား တစ်ယောက်က ကိုယ့်ဘာသာကို စိတ်ဝင်တစား ရှိလာတော့ သူ့ကို ဘုရားတရား အကြောင်း ပြောပြဖို့ ကျမ ဆုံးဖြတ်ပြီး ဘုရားကျောင်း ခေါ်လာခဲ့မိပါတယ်။ (သင်ခန်းစာ ယူစရာကတော့ စာတန်ဟာ ဘာသာတရားသမား ဟန်ဆောင်ပြီး ယုံကြည်သူတို့ ဘဝထဲကို ဝင်လာတာပါဘဲ။ ဒ့ါကြောင့် ကျမ်းစာထဲမှာ စာတန်သည်ပင် လင်းသော ကောင်းကင်တမာန် ဖြစ်ယောင်ဆောင်တတ်သည်လို့ဆိုထားပါတယ်။) နောက်တစ်လလောက်နေတော့ ထုံးစံအတိုင်း ကျမကို ချစ်ရေးဆိုလာပါတယ်။ ကျမ က အပျိုမဟုတ်ပါဘူး။ ကလေး၂ယောက်နဲ့ မုတ်ဆိုးမ လို့ ပြန်ပြောတော့။ သူက ဘာဘဲ ဖြစ်ဖြစ် ကျနော် ချစ်တယ်။ အစ်မ က ရိုးသားတယ်။ ခင်တတ်တယ်။ ကိုယ့်ထက်ငယ်တဲ့ သူကိုလဲ နားလည်အောင် ရှင်းပြတတ်တယ်။ သင်ပြတတ်တယ်။ အဲဒါတွေကြောင့် ကျနော် အရမ်းချစ်တယ်။ လက်ထပ်ယူမယ်။ မိဘတွေ သဘော မတူချင်နေ ကရုမစိုက်ဘူး။ လက်ထပ်ပြီးသွားရင် သူတို့ ဘာမှ ကန့်ကွက်လို့ မရတော့ဘူး။ စင်ကာပူမှာ အလုပ်ဆက်ကြိုးစားမယ်။ သူတို့ ဘာတတ်နိုင်မှာလဲ။ ယူပြီးလို့ ကလေးတွေ ရလာရင် မိဘတွေ ပြန် ကြည်ဖြူသွားလိမ့်မယ်။ အရေးကြီးတာက တို့နှစ်ဦး ချစ်ကြဖို့ဘဲ လိုပါတယ်။ လို့ပြောပါတယ်။ ကျမက နင် ခရစ်ယာန်ဘာသာထဲ ဝင်မှာလားလို့ မေးတော့ သူက အခုချက်ခြင်း ဝင်မယ်တဲ့။ သူ့ ညီမ နဲ့လဲ မိတ်ဆက်ပေးတယ်။ သူ့ညီမက မြန်မာပြည်ပြန်ပြီး မိသားဖသားပီပီ တောင်းရမ်း လက်ထပ်ဖို့ပြောပေမဲ့ သူက စင်ကာပူမှာဘဲ လက်ထပ်မယ်လို့ ပြောပါတယ်။ ဒီလိုနဲ့ သူ့ရဲ့ အပြောချိုချို အောက်မှာ ကျမ နစ်မြောသွားတယ်။ သေးသေး ဖွဲဖွဲကိစ္စ ဖြစ်တဲ့ ကျမ ဖုန်းထဲမှာ ပိုက်ဆံ မရှိရင် သူ ဖြည့်ပေးတယ်။ ကျမဟာ ဆယ်ကျော်သက် အချစ်လို ရူးရူးမူးမူး ဖြစ်နေခဲ့တယ်။ ကိုယ့်ဘဝကိုယ် မေ့နေ ခဲ့ပါတယ်။ တို့ဆေး မိထားတဲ့သူ၊ အညို့ခံထားရတဲ့ သူလိုပါဘဲ။ သူပြောသမျှ အယုံကြီး ယုံ၊ အပုံကြီး ပုံမိခဲ့ပါတယ်။ အခေါ်အဝေါ်တွေက အစ အပြုအမူတွေအဆုံး ကျမတို့နှစ်ဦးဟာ တရားဝင် လက်မထပ်ဖြစ်သေးဘဲနဲ့ လင်မယားလို နေခဲ့ကြပါတယ်။ ဒီလိုနဲ့ ၂၀၁၂ခု ၅လပိုင်းမှာ သူ စဖောက်လာခဲ့ပါတယ်။ ကျမတို့ နှစ်ယောက် အကြောင်း အိမ်က သိသွားလို့ ပြန်ခေါ်နေပြီး မြန်မာပြည် ပြန်တော့မယ်လို့ပြောတယ်။ ကျမလဲ ပြန်လိုက်မယ်ဆိုတော့ သူက မလိုက်ခဲ့နဲ့တဲ့။ စင်ကာပူ ပြန်လာမှာလား စောင့်နေမယ်ဆိုတော့လဲ၊ မစောင့်နဲ့တဲ့။ အရင်တုံးက သူဟာ နလုံးသားနဲ့ ဆုံးဖြတ်ခဲ့ပေမဲ့ အခုတော့ ဦးနှောက်နဲ့ ဆုံးဖြတ်လိုက်ပြီတဲ့ လမ်းခွဲကြပါစို့တဲ့။ ကျမ ရူးပြီး မစားနိုင် မသောက်နိုင် ဖြစ်ခဲ့တယ်။ သူဒီရောက်နေတာ ၅နှစ်တောင် ရှိပြီဆိုတော့ အခုလို လိမ်လည်လှည့်ဖြားပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတာ တော်တော် များနေပြီလို့ ထင်ရပါတယ်။ ကျမရဲ့ ညီမတွေနဲ့ နီးစပ်ရာ သူငယ်ချင်းတွေကို ပြောပြခဲ့တယ်။ သူငယ်ချင်းတွေက ကျမကို အားပေးပါတယ်။ စိတ်အေးအေး ထားဖို့ ကလေးတွေ မျက်နှာထောက်ဖို့ပေါ့။ နောက်ဆုံး ကျမ သိလိုက်တာက ကျမဟာ ဘုရားသခင်ကို ပြစ်မှားမိပြီ။ အလုပ်ရှင် သူဌေးတွေကို ပြစ်မှားမိပြီ။ သားသမီးတွေကို မျက်နှာငယ်အောင်လုပ်မိပြီး မိမိကိုယ်တိုင်လဲ ဒုစရိုက် အကြီးကြီးကို လုပ်ခဲ့မိပြီဆိုပြီး ဘုရားသခင်ဆီမှာ အပြစ်ဝန်ချမိခဲ့ပါတယ်။ ကျမ ဘုရားသခင်ဆီမှာ အပြစ် ဝန်ချပါတယ်။ ရှေ့လျှောက် အသက်တာမှာ ဘုရားသခင်ရဲ့ အမှုတော်ဆောင်ဘဝနဲ့ အသက်တာကို ဆက်ကပ်တော့မယ်လို့လဲ ဆုံးဖြတ်လိုက်ပါတယ်။ အရင်ကလို ကျမ်းစာဖတ် ဆုတောင်းပြီး သာသနာဆက်ပြုနေပါတယ်။ ချစ်သော ညီအစ်မများလဲ ကျမလို မမှားဖို့ လမ်းမမှားစေဖို့ ဖုန်းအပြောနဲ့ ကိုယ်တွေ့ မမှားကြဖို့ စာတန်ကို အခွင့် မပေးကြဖို့ ရင်နာစွာနဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးကို သက်သေခံလိုက်ပါတယ်။



# မျက်ရည်တစ်စက်

## မျက်ရည်တစ်စက်(မင်းအောင်သက်လွင်)

လူတစ်ချို့က ယောက်ျားစစ်စစ်တွေဟာ ဘယ် တော့မှ မျက်ရည် မကျရဘူး တဲ့။ ဒါပေမဲ့ သမ္မာကျမ်းစာထဲမှာ ယောက်ျား ကောင်းကြီးတွေ။ စစ်သူရဲကြီးတွေတောင် မျက်ရည် တောက် တောက် ကျတဲ့ အကြောင်း ဖတ်ရှုနိုင်ပါ တယ်။ ဘုရားစင်စစ်က လူ့ဇာတိ ခံယူတဲ့ သခင်ယေရှု ခရစ်တော် တောင် သူ့မိတ်ဆွေစစ် လာဇရု သေဆုံးသွား တဲ့ သိတင်းကို ကြားရလို့ မျက်ရည် ကျခဲ့ ရပါတယ်။ သမ္မာကျမ်းစာတော်မြတ် ထဲက စစ်သူရဲကောင်း လဲဖြစ်၊ ဘုရင် မင်းမြတ်လဲဖြစ်တဲ့ ဒါဝိဒ်မင်းကြီး မျက်ရည်ကျတဲ့ အကြောင်း ကို ဆာလံ ၅၆း၈ မှာတွေ့နိုင်ပါတယ်။ (အကျွန်ုပ်သည် အရပ်ရပ် လည်ရသော အခြင်းအရာတို့ကို ကိုယ်တော်မှတ်၍ အကျွန်ုပ် မျက်ရည်တို့ကို ဘူးတော် ထဲမှာ ထည့်တော်မူပါ။ ) ဂျူးလူမျိုးတွေရဲ့ ထုံးတမ်းစဉ်လာထဲမှာ သူတို့ ကျခဲ့တဲ့ မျက်ရည်တွေကို ဗူး ထဲ ထည့်ပြီး သိမ်းထားတတ်ပါတယ်။ ဗူးထဲမှာ ရှိနေတဲ့ မျက်ရည် အနည်းအများ ပမာ ဏ ဟာ သူတို့ရဲ့ လူသားပီသမှု။ ကြုံတွေ့ရတဲ့ ဆင်းရဲဒုက္ခနဲ့ ဘုရားသခင်ရဲ့ မစခြင်း တွေကို ကိုယ်စားပြုတဲ့ အမှတ်လက္ခဏာ သက်သေဘဲ ဖြစ်ပါတယ်။ သခင် ယေရှုရဲ့ ခြေဖမိုးတော်ကို မျက်ရည်များစွာကျလျှက် မိမိ ဆံပင်နဲ့ သုတ်ပေးခဲ့တဲ့ မကောင်းတဲ့ အမျိုးသမီးဟာ သူ့ဘဝရဲ့ မှားယွင်းမှုပေါင်း များစွာ။ အပြစ်ဒုစရိုက် များစွာ အတွက် နလုံးကြေကွဲ ဝမ်းနည်းပက်လက်ဖြစ်လျှက် တိုးလျှိုးတောင်းပန် ဝန်ချခဲ့တာ ဖြစ်ပါတယ်။ မျက်ရည်ကျတဲ့ သူတွေဟာ သူတို့ကိုယ်တိုင် ဝမ်းနည်းးပြီး အကူအညီ မဲ့တဲ့ အချိန် မှာချည်းဘဲ ကျတာ မဟုတ်ပါဘူး။ သူများတွေရဲ့ ဒုက္ခ ဆင်းရဲ တွေကို မြင်တွေ့ ရတဲ့အခါမှာလဲကျတတ်ပါတယ်။ မိမိရဲ့ ဝမ်းနည်း ကြေကွဲခြင်းကြောင့် မျက်ရည် ကျတဲ့ သူဟာ လွတ်မြောက်ရာလမ်းစကို ရှာဖွေ တွေ့ရှိနိုင်သလို သူများရဲ့ ဆင်းရဲဒုက္ခကို တွေ့မြင် ကြေကွဲ မျက်ရည်ကျသူဟာ ထိုသူတွေကို ကူညီမစဖို့ အားမာန် တွေ ရှင်သန် လာခဲ့ပါတယ်။ ပေးကမ်း ကူညီတဲ့ သူဟာ ရင်ထဲက ခံစားမှု မပါဘဲ စက်ရုပ် တစ်ရုပ်လို မလုပ်ဆောင်နိုင်ပါဘူး။ လောကမှာ သားသမီး။ စီးပွား။ မိဘ၊ အလုပ်။ အချစ် အတွက် ကျစရာ မျက်ရည်တွေ အများကြီးရှိတဲ့ အထဲက အမှုဆောင်သော သူများ အတွက်၊ ပျောက်ဆုံး ဝိညာဉ်များအတွက် မျက်ရည် ကျလျှက် ဆုတောင်း အစေခံ ဝေငှပေးကြပါစို့။(ယေရှုသည် ယေရု ရှလင်မြို့ အနီးသို့ရောက်၍ ကြည့် မြင်လျှက် ငိုကြွေးတော်မူ၍ - လု ၁၉ း ၄၁) ထာဝရ ဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ အော်ဟစ်သံကိုလဲ နားထောင် တော်မူ၏ ဆာ ၃၄း၁၅။



Min Aung Thet Lwin. Blk 76A, #30-02, Red Hill Road, S'pore 151076. မည်သူမဆို စာမူများ ရေးသားပေးပို့ နိုင်ပါသည်။
မင်းအောင်သက်လွင် ရေးသားရိုက်ကူး တင်ဆက်သော ချီးမွမ်းသီချင်း ဒီဗီဒီ အခွေ (ကိုယ်တော်နှင့်အတူသီချင်းလေးဆိုရင်းက ) ထွက်နေပါပြီ။